# ဗျူဟာကြော်ယက်ကျား

## မြွတ်စွာဘုရားအလောင်းတော်

ကြက်မင်းအဩူပွတ္တံ၊ပေါက္ကာ နရသိဒ်၊နရပတိစည်သူ၊ဝေဠုဝတီတို့၏
ဖြစ်အပျက်၊ ရာဇဝင်သမိုင်း ကျောက်စာများနှင့်တကွ၊ ရွှေကြက်ယက်
တ်စွာဘုရားနှင့်ဆိုင်သော၊ရှေးပညာရှိကဗိသူမွန်တို့ရေးသားဘွဲ့ဆိုသည့်
ာက်ာ၊ကာဗျာ၊ဗန္ဓ၊ပတျာဝတ္တုဂါထာ၊ဘုရားတိုင်ရတုပိုဒ်စုံ၊ဘုန်းတော်ဘွဲ့
လေးချိုးကြီး၊လွမ်းချင်း၊ သံတူကြောင်းကွဲ၊ ပေါရာဏစကားများပါသည်။

သုတေသနစာကြည့်တိုက်



# ရွှေကြက်ယက်ဘုရား သမိုင်း

ရာဇဝင်။

.၃၅
ဘ

င်းအုပ်ဆရာကြီး၊ ရွှေကြက်ယက်-ဦးအောင်ဘနှင့်
မန္တလေး-ဦးမောင်မောင်သာထွန်း တည်းဖြတ်သည်။

ဥမအကြိမ်ပြုပြင်စီစဉ်ပုံနှိပ်ခြင်း။ ★ စာအုပ်မူပိုင်ရှင်-ဒေါ်မြမြအေး။

မမြအင်ဆန်းစာပုံနှိပ်တိုက်

၃လမ်း၊ဘုန်ဘိုင်တန်း၊လဖုန်းကျောင်းမြောက်ဘက်နှစ်ပြ၊မန္တလေး။

၁/၃၇

# မန္တလေး။မြအင်ဆန်းမှာ ရနိုင်သော

ရန်ကုန်။ပညာအလင်းပြစာအုပ်များ။

သျှင်သီဝလိရဟန္တာကိုယ်တော်မြတ်ကြီး၏ ထေရုပ္ပတ္တိ နှင့်တကွ ဆယ်ဂါထာပါ၌အနက်အမွန်းပရိတ်စီရင်နည်း-ပြား ၅၀၊ ဗုဒ္ဓဘာသာလက်စွဲဘုရားရှိခိုးဆုတောင်းအမျိုးမျိုး-ဒိ၊ မြန်မာစာသမိုင်း အကျဉ်းချုပ်ဖြစ်သော မြန်မာနိဒါန်း အတ္ထုပ္ပတ္တိကျမ်း ကျောင်းသုံးပြဋ္ဌာန်းပြီး-၃ိ၊အင်္ဂလိပ်နှင့်ကုလားစကားပြောနည်း ၅ိ၊ဓါတ်ပုံပညာပဒေသာ-၁၀ိ၊ ဗမာအင်္ဂရိတ်စတုဝိဇ္ဇာမိုရ်-၅ိ၊ ပန်းတိမ်ဆရာလက်သုံး-၁၅ိ၊ အိမ်ရှင်မလက်သုံး-ဒိ-ပြား ၅၀၊ အင်္ဂဝိဇ္ဇာအဖွင့်-၄ိ၊အင်္ဂဝိဇ္ဇာလက်တွေ့အလင်းပြ-၃ိ-ပြား ၅၀၊ စိတ်ညှို့အိပ်မွေ့ချကျမ်း-၃ိ၊ လျှပ်စစ်ဓါတ်မီးသွယ်တန်းနည်း ၁၀ိ၊ ရေဒီယိုအသံဘမ်းစက်လက်တွေ့ပြုပြင်နည်း-၁၀ိ၊ လျှပ်စစ်ဓါတ်အခြေခံ နှင့် ရေဒီယိုပညာ-၁၅ိ၊ စီးပွားဖြစ်လုပ်နည်း ၁၅၀ပါသောလောကဓါတ်ပညာညွှန့်ပေါင်း-၅ိ၊ မျက်လှည့်ပြနည်း-၅ိ၊ဆရာဖြစ်သင်ဘိသိက်မင်္ဂလာကျမ်း-ပဒုတ-၁အုပ် ၃ိ-ပြား၅၀စီ၊ ဗေဒင်ဟောပုံနည်းမျိုးစုံ နှင့် တိုင်ဆယ်ပါးအကျယ်ဟောနည်း၄ိ၊ဇာတ္တိယသျှို့ပညာ-၄ိ၊မြန်မာ့သတ်ပုံအဘိဓါန်မိတ်လင်ရုံ-၂၄ိ၊ ထွက်ရပ်ပေါက်-ကျောက်ကျမ်းနှင့် ဂမုန်းကျမ်း-၅ိ။ ရင်ပိုင်းသျှဥ္စရ-ပဒုတွဲပြီး-၁၀ိ။အိမ်သူ့ပညာ အဘိဓါန်ချက်ပြုတ်နည်း-၃ိ၊ပြည်ထောင်စုစက်မှုလက်မှုလုပ်ငန်း-ဒိ၊ ဘိလပ်သုံးအင်္ဂလိပ်စကား-၄ိ၊ ဝွန်းလွန်းထေရုပ္ပတ္တိ နှင့် တရားအားထုတ်နည်း-၄ိ၊ အမျိုးသမီး နှင့် ခလေးစောင့်ရှောက်ရေး-ဒိ၊ လူငယ်ကြီးပွားရေး-ဒိ၊ မြန်မာပုဂ္ဂိုလ်ကျော်စာဆိုတော်များ - အတ္ထုပ္ပတ္တိပေါင်းချုပ်-၆ိ၊ ကဗျာဖွဲ့နည်း ကျောင်းသုံး-ဒိ၊ကြီးပွါးချမ်းသာရေး-၆ိ။ခုနစ်ဆယ်ငါးနှစ် ၁၊၄၅မှ၃၂၀ (၁၈၈၄မှ၁၉၅၈)အတွက်ပြက္ခဒိန်ကျောင်းသုံး-၅ိ။ပန်းထိုးနည်းပြ-ဒိ။

# မန္တလေး။မမြအင်ဆန်းမှာ ရနိုင်သော

## ရန်ကုန်၊ပညာအလင်းပြစာအုပ်များ၊

နွန်းစလျှားနှင့်မင်းသွီးညာပုံ-၁ိ ပြား၅၀၊တိုးတက်ရေးလက်စွဲ—၅ိ၊ တက်ကဲ့လူ ၁ိ-ပြား၅၀၊ ပရမတ္ထနှင့် ဗိန္ဒောအလင်းပြဆေးကျမ်းပတွဲ၁ဝိ၊ဒုတွဲ၅ိ၊ဆရာဝန်ဖိုင်ယာရီ-ပဒုတ၃ိဝိ၊ဆရာဖြစ်ဓာတာဟောနည်းကျမ်း-၅ိ၊ ကမ္ဘာ့မင်တန်-၅ိ၊ မဟာဂီတပေါင်းချုပ်-၁၅ိ၊ ဆေးပညာလောကဓါတ်အလင်းပြ-၅ိ၊ ကာလကြီးရှင့်ကာ-၃ိ၊ဓာတာဖွဲ့နည်းကျမ်း-၅ိ၊ ကာလိဒါသ၏သကုန္တလာပြဇာတ်-၅ိ၊ ရှေ့ဖြစ်ဘတ်နည်းဗေဒင်ကျမ်းပတွဲ၅ိ၊ ဒုတွဲ-၃ိ၊ အစိုးရကုသိုလ်ဖြစ်ဆေးရုံသုံး ၊တိုင်းရင်းမြန်မာဆေးနည်းကျော်၅ိ၊ထိပ်ဆုံးကလူ-၁ိ၊စိတ်ပညာအထင်းပြကျမ်း၅ိ၊ အိမ်မက်ပေါင်း ၅၅၀၀အဘိဓါန်-၃ိ၊အင်္ဂလိပ်ဗေဒလက်စွဲ၅ိ၊ ကမ္ဘာ့စွယ်စုံကျမ်းကြီး ၆ိ၊မြန်မာစာရေးထုံးကျမ်းသတ်ပုံစာအုပ်၅ိ၊

# ရန်ကုန်။ပညာအလင်းပြမှာ ရနိုင်သော

## မန္တလေး၊ မမြအင်ဆန်း စာအုပ်များ၊

သံဝေဂရှုဘွယ်သမထဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းသံပေါက်ဂါထာစုံ ဆုတောင်းဘုရားရှိခိုး၊ လှူနိုင်ရန်-ဆယ်အုပ်-၃ိ—၄ပဲ၊ အုပ်တရာ-၂ဝိ၊အလှူရှင်အမည်နှင့် ၂၅ိ၊တအုပ်ပြား၅၀။ဗုဒ္ဓဘာသာသခင်ပကျမ်း- ဝိပဿနာမှတ်ကျောက်ရှင်တမ်းနှင့် သမထဝိပဿနာဘာဝနာကျမ်း နံပါတ် ၃၂၀ ကျော်ရှိသုံးကျမ်းတွဲပြီး-၃ိ၊ ခေတ်မှီရှေးဦးသင် အင်္ဂလိပ်မြန်မာသင်ပုန်းကြီးစာအုပ်ထူး-၁ိ-ပြား၅၀၊ခေတ်မှီအင်္ဂလိပ်စာရေးစာဘတ်စကားပြောနှင့်အမျိုးအစားခွဲပြီးအဘိဓါန်ပတွဲ-၅ိ၊ ဒုတွဲ-၃ိ၊ခေမှီအင်္ဂလိပ်စာပေးစာယူလက်တားရိုက်တားနိသျှည်းအကျဉ်းချုပ်စာအုပ်ထူး-၁ိ။

# ရန်ကုန်။ ပညာအလင်းပြမှာရနိုင်သော

## မန္တလေး၊ မမြအခင်ဆန်းစာအုပ်များ။

ခေတ်မှီအလွတ်သင် အင်္ဂလိပ်သဒ္ဒါရှုဘွယ်ကျမ်း-၅၊ သစ်ပျဉ် သစ်လုံး တန်တွက်ပြီး ဈေးနှုန်း ငွေသင့် ကိန်းသေ ၃မျိုးရ စာအုပ်ကြီး-၄၊ သစ်ခုတ်သွားများအတွက် သီးခြားရိုက်နှိပ်သော သစ်လုံးတန်တွက်ကိန်းသေစာအုပ်-၃၊

နို့ဆီ ထောပတ် မလိုင် ဒိန်ခဲ ဒိချဉ်နို့မှုန့် နို့သကြား အင်္ဂလိပ် ဒိန်ခဲ ပြင်သစ်ဒိန်ခဲဒတ်ချဒိန်ခဲမှစ၍ စည်သွတ်နို့ စိမ်းဘူးလုပ်နည်း ပါသော နွားနို့လုပ်ငန်း-၂၊ ငပ်ရော့အလုပ်ရုံများ-ထွန်ယက် စိုက်ပျိုးရာ လယ်မြေ၊ ကွင်းခြံများ အိမ်တွင်းလုပ်ငန်းများမှစ၍ စီးပွားဖြစ် အမေရိကံလုပ်နည်း ၁၀၀၀၀ တသောင်းကျော်ပါ ရှိသော လောကဓါတ်ပညာညွှန့်ပေါင်း၊ ဗဟုသုတစွယ်စုံကျမ်း ကြီး(အင်္ဂလိပ်လို)၄၅၊ ဤနည်းတူ စက်မှုလက်မှုပညာနှင့် ဆိုင် သော စီးပွားရေးလုပ်နည်းပေါင်း-၅၀၀-ငါးရာကျော်လောက ဓါတ်ပညာ-ဗဟုသုတမိတ်လင်စုံ(အင်္ဂလိပ်လို)၃၃၊ သဘာဝ ဓမ္မလက်တွေ့ကုထုံးကျမ်းပတွဲ-၁၀၊ ဒုတွဲ-၁၀၊ နရသုခိအ ဓိပ္ပါယ်ကျမ်း-၃-၅၀၊ ခံဘူးလက်တွေ့ကုထုံးသက်စောင့် ဆေးကျမ်းပတွဲ-၅၊ ဒုတွဲ ၃-ပြား ၅၀၊ ခံဘူးမဟာဇီဝကကုထုံး နှင့်စိန်ပိဋ္ကာဆေးကျမ်း - ၃ - ပြား ၅၀၊ မင်္ဂလာအောင်ခြင်း အဋ္ဌပုဏ္ဏိ-၁-၇၊ လောကီမှတ်ပုံနည်းမျိုးစုံ-၂-ပြား ၅၀၊ လောကဟိတရာသီကျမ်း-၆-ပြား ၅၀၊ သဘာဝဓမ္မအလင်းပြ ကျမ်း-၃၊ မြန်မာသစ်သတ်ပုံနှင့်ပေါရာဏကထာ-၃-ပြား ၅၀ မြန်မာစာလုံးပေါင်း - အဘိဓါန်ချုပ်ခေါ် - မြန်မာစာရေးထုံး ကျမ်း-၆၊ ပေါရာဏ မြောက်များစွာပါရှိသော အဘိဓါန်ကဗိဓ ဇသတ်ပုံကျမ်းကြီး-၆၊ ကဗျာကံမှန်သတ်ပုံကျမ်းကြီး-၁၅၊

မြတ်စွာဘုရား=အလောင်းတော်-ကြက်မင်း=အတ္တုပ္ပတ္တိ။

# ရွှေကြက်ယက်ဘုရားသမိုင်း

ပေါက္ကံ၊ နရသိင်္ခ၊ နရပတိစည်သူ၊ ဝေဠုဝတီတို့၏
အဖြစ်အပျက်။

နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမနိဒါန်း။

ရှေးသရောအခါ၊ ဗာရာဏသီပြည်ဝယ်၊ ဗြဟ္မဒတ်မင်းကြီး နန်းစံလေသော်၊ ထိုဗာရာဏသီပြည်၏အနီး၊ ဟိမဝန္တာတော၌၊ တရသောတောင်စွယ်ကမ်းရိပ်၊ စမ်းနဓိတ်တွင်မြတ်စွာဘုရားသခင်၏ အလောင်းတော်ကြက်မင်းသည်၊ မှီတင်းနေထိုင် ဂနိုင်တောနက်ဝယ်၊ စားကျက်ပြု၍စံတော်မူလေသည်၊

ယင်းကဲ့သို့နေထိုင်တော်မူသောအခါ၊ နီးစပ်တွေ့ကြုံဆုံစီးသောပရိသတ်တို့အား တရားညွှန်ပြဆုံးမသွန်သင် အစဉ်လာဝရ၊ ဓမ္မစည်ဟော်၊ ကြီးဆော်ဟောပြောလေ့ရှိသဖြင့်၊ တောလုံးပဲ့တင်၊ ဗာရာဏသီပြည်၏ဆက်ဝန်းကျင်ဝယ်၊ တင့်တယ်ရုပ်ဆင်း၊ လှပခြင်းဖြင့်၊ သိတင်းပြည့်ဖုံ မွှေးရုံရာဇ၏၊ ကြည်ဖြူတရား၊ နာကြားပန်ဆင်ရသော်၊ အသက်ရှည်စွာ၊ ချမ်းသာသုခ၊ ဓနစည်းစိမ်၊ ဘုန်းရှိန်တေဇော်၊ အာနုဘော်လျှင်၊ အဟော်ဝတ၊ ပြည့်စုံရပေ၊ လောကအလုံး၊ တင့်ဆုံးကြက်သရေ၊ တက်နေပမာ၊ ကျော်စောခြင်းလက္ခဏာသည်၊ ထင်ရှားစွာထွက်ပေါ်လေ၏၊ ထိုအခါတွင်ဗာရာဏသီ၊ ရွှေပြည်ဥက္ကဋ္ဌ၊ မင်းမြတ်အာဟိန်၊ ရာဇိန်သမတပြည်မဘုရင်၊ ရွှေနန်းရှင်၏၊ ညာတင်ဒေ

ဝိ၊ မဟောသီသည်၊ ဓမ္မအဘိ ကြက်မင်း၏ တရားကို၊ များစွာ
နာလိုသောအာသာဆန္ဒ၊ ပသန္နဖြင့်၊ သယံဘဂဝါ၊ လောင်း
လျှာကို ကောင်းစွာပူဇော်ရန် ကြံစီပါသော်လည်း မရသော
ကြောင့်ပုထုဇန်တို့ထံထွာ၊ မာရ်အာဂတ၊ အဓမ္မဘမ်းယူခြင်း
ငှာ၊ လုဒ္ဒကမုဆိုးကျော်တို့ကို ဆင့်ခေါ်စေလွှတ်ပြီးသော်ညွှတ်
ကျော့ကွင်းအတန်တန်၊ ကောင်းကင်ယံ – ထောင်ပိုက်တို့ဖြင့်
လိုက်လံဘမ်းဆီးလေလျှင်။ အလောင်းတော်ကြက်မင်းသည်၊
မဇ္ဈိမဒေသမှဋ္ဌာနရိပ်သံအပရန္တတိုင်း၊ ညို့မှိုင်းဝေဆာ၊ က
သာနယ်အတွင်းတွင်၊ မင်းမြတ်သယမ္ဘူ၊ နားမူခိုဝင်၊ ကြက်
တန်းစင်တဋ္ဌာန၊ ထိုဘတဖန်၊ ပျံခါ ကြွပြား၊ ရေနားကမ်း
သောင်စစ်ကိုင်းတောင်ယံ ခိုစံထောင့်နားသည်ကိုအကြောင်း
ပြု၍၊ ခိုတောင်ကြက်ယောင်တဋ္ဌာန၊ ယင်းမှတဖြာ ဖေယျပူရ
သာစွသွေ့စွန်း၊ ရေဝန်းအနီး၊ ဝင်မှီးတက်ဆောင်၊ ရွှေကြက်
တောင်မှ၊ ရွှေတောင်ဦးမှော်၊ ထင်ပေါ်သဲသောင်၊ စမ်းချောင်
ဝေဖြာ၊ ချောဝတ၊ နာဂထင်ရှား၊ ပျော်ပါးခါ၊ နေထိုင်သည်ကို
အကြောင်း၊ ပြု၍၊ ချေဝတီယ၊ အမည်နာမ၊ ဂုဏ်တူးရသည့်
မြစ်မသီတာ၊ ကမ်းထိပ်သာ၏၊ ပြုပွါရေ့ဘက်၊ ပျံတက်
မြန်းကြွ-ရွှေကြက်ကျသော၊ ဌာနအစစ်၊ နဂါးရစ်တောင်စွယ်၊
မောင်မယ်နှစ်ပါး-ခေတ္တနားလျှင်၊ ရေယာဉ်ဇလာ၊ ဈေစနက်
ဝဲဂရက်သံ ဆူညံသောသော ထိပ်လန့်မော၍၊ ကြောက်သော
ခြင်းရာ၊ ဒက္ခိဏာသို့၊ မန္တာတောင်ရိပ် – အောင်တံဆိတ်ဖြင့်၊
ပြောင်ဟိတ်တောဇာ၊ ဣရိယာပထ၊ မျှတ စံနေတော်မူသည်ကို
အကြောင်းပြု၍၊ ရွှေကြက်ယက်၊ ရွှေကြက်ကျဟု၊ တောင်နှစ်ခု
သေလာကို၊ ရွှေစာကမ္ပည်း မှတ်တည်းမည်ချပ်၊ တွင်သမုတ်၏။

ထိုကဲ့သို့ အလောင်းတော်မြတ်၊ ဗောဓိသတ်သည်၊ ဘင့်အပ်စွာနေထိုင်တော်မူသည်ကို အရင်းပဒ္ဓာနပြု၍၊ သာသနာတော်( ၂၁၈ )နှစ် ရောက်လစ်သောအခါ၊ ပါဋလိပုတ်ပြည်ကြီးကိုအစိုးရတော်မူသော၊သိရိဓမ္မာအသောကရာဇာသည် ရဟန္တာ၊ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ အရှင်မြတ်၏၊ ညွှန်ကြား မိန့်မြွက်ခြင်းကို၊ ဦးထိပ်ထက် ပန်ဆင်ပြီးလျှင်၊ ခတ်တော် မွေတော်စစ်တို့ဖြင့် သွင်းဆောင်ပူဇော်လျက်၊ စေတီတော်ကို၊ လက်မွန်အစ၊ ပဋ္ဌမတည်ထား ကိုးကွယ်တော်မူလေသည်၊ ၎င်းနောက်၊သက္ကရာဇ်(၄၁၁)သာသနာတော်နှစ်(၁၅၉၃)ခုနှစ်တွင်၊ ပေါက္ကံပြည်၊ အနော်ရထာမင်းကြီးကတဖန် ထပ်မံပြင်ဆင် ကိုးကွယ်တော် မူလေသတည်း။

ပေါက္ကံရာဇဝင် နရသိခ်မင်းနှင့် ညီတော်နရပတိစည်သူ ဝေဠုဝတီတို့၏အတ္ထုပ္ပတ္တိ။

မျိုင်း-ဘား-ဖွတ်-တို့၊ တိတ်သုံးတန်ကြို့သည့်၊ မှိုင်းညို့တောက်လျှံ၊ ပေါက္ကံပြည်ကြီးကို၊ စည်းထိုးခရိုင်၊ နိုင်ငံနှင့်တကွ အစိုးရသော၊ နရသိခ် မင်းကြီးသည်၊ ထီးဖြူအုပ်မင်းလုပ်၍ စိုးစံတော်မူပြီးသော်၊တနေ့သောအခါတွင်၊တိုင်းရေး၊ပြည်ရေး၊ဆွေးနွေး တိုင်ပင်၍နေလေ၏။

ထိုအခါဝယ်၊ အောင်ချမ်းသာ ရွာသား၊ ဗိုလ်အောင်စွာဗိုလ်ပြည့်တို့သည်၊ထကြွသောင်းကြမ်းသောကြောင့်၊၎င်းတို့ကို အမိဘမ်းဆီးရန်၊ ဆုတော်ငွေများစွာ ပေးကမ်းသည့် အကြောင်း ကြော်ငြာမောင်းနှင့်တကွ၊ လမ်းတကာမှာ၊ ဝရမ်းစာကပ်သည်ကို၊ ကြားသိလေလျှင်၊ အသက်ကိုစွန့်စား၍၊ ညီ

တော်–နရပတိမင်းထံသို့ ဝင်ပြီးသော်၊ ကျွန်တော်မျိုးခံလျှောက် အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ပါရန် ခွင့်တောင်း လျှောက်တင်သောအခါ၊ နရပတိစည်သူမင်းလည်း လွန်စွာသ နားတော် မူသောကြောင့်၊ သစ္စာတော် ရေများကို တိုက်ပြီး သော် ဗိုလ်အောင်စွာကိုစစ်ဗိုလ်မှူး ရာထူးပေးသနားတော်မူ ၍၊ ဗိုလ်ပြည့်ကို မြင်းတော်ခံ ရာထူးပေးသနားတော်မူလျက်၊ အပါးတော်တွင် ခစားစေတော်မူသည်၊

တရံသောအခါတွင်၊ မြင်စိုင်း ခက်ဝံအရပ်၌၊ ပျော့ ခေါ် ရှမ်းလူမျိုးတို့သည်၊ မိမိတို့ ဘာသာဘာဝ အလျှောက်၊ ချောင်း ဝယ်ဖေါက်ကားစီးပွါးရှာရန် ဝါးခုတ်ကြရာ၊ ဝါးပင်မှာသန္တေ မွေးသူ၊ မိန်းမလှကလေး တယောက်ကို ရရှိလေ၍၊ မယ်ဝါးဟု အမည်မှည့်လျက်၊ ၎င်းတို့၏အရှင်ဖြစ်သော စော်ဘွားကြီးသို့ ဆက်သကြလေ၏၊ ယင်းသည့်စော်ဘွားကြီး ကတဖန်၊ ရုပ်ရေ ရူပကာသ လှပ တင့်တယ်ခြင်းကြောင့် – မယ်ဝါးကိုပေါက္ကံ ပြည့်ရှင် ဘုရင်နရသိင်္ခမင်းသို့ ဆက်သလေရာ၊ ရှမ်းတို့၏နေ ရပ်ဌာနလိုက်၍ နားပြက်ကျယ်ခြင်း၊ သလုံးကြီးခြင်း စသည် တို့ကို၊ တွေ့မြင်သဖြင့်၊ မယ်တော်ဆောင်သို့၊ လက်ပါးစေအ ဖြစ်၊ခိုင်းစေရန် ပို့ထားစေ အမိန့်တော်မှတ်လေ၏၊

ဤကဲ့သို့အမိန့်တော်အတိုင်း မယ်တော်ဆောင်သို့ရောက် သောမယ်ဝါး၏ကောင်းခြင်းငါးပါး လက္ခဏာကို၊ မယ်တော် မြင်လေလျှင်၊ ၎င်းသူငယ်မသည် ရုပ်ရေရူပကာယ ချောမော ပြေပြစ်လှသည်၊ သူ၌နားပြက် ကျယ်ခြင်း၊ သလုံးကြီးခြင်းကို ပြုပြင်ရလျှင် သင့်မြတ်ပေမည်ဟု စဉ်းစား၊ကြံဆ၍ နားနှင့်သ လုံးတို့ကို ဆေးဝါးပယောဂဖြင့်၊ တတ်ကျွမ်း လိမ်မာသော

ဆရာများနှင့် ပြုပြင်လေသော် လူလည်းမကာ နတ်လည်းမမှုအဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံသော သတို့သမီးဖြစ်၍ ဝေဠုဝတီဟူသောဘွဲ့ကိုချီးမြှင့်လေသည်။

နရသိင်္ခ နရပတိစည်သူမင်း၏ မယ်တော်ကြီးသည် ဝေဠုဝတီ၏တင့်တယ်ပြေပြစ်ချောမောသော ရုပ်ရေကိုမြင်လျှင် ဤသူငယ်မသည် ဘုန်းပညာ လက္ခဏာနှင့် ပြည့်စုံသောသူနှင့်သာလျှင်၊ ထိုက်တန်ရာသည်၊ သန္တေ့သူ၊ မိန်းမမြတ်လည်းဖြစ်ချေသည်ထိုကြောင့် ငါ၏သားကြီးနရသိင်္ခမင်းက အလိုတော်မရှိသော် ငါ့သားအငယ် နရပတိစည်သူ မင်းနှင့် ထိမ်းမြားလက်ထပ်မှ သင့်လျော်မည်ဟု တိုင်ပင်၍ သားတော် အငယ်ကို ဝေဠုဝတီနှင့် လက်ထပ်လေသည်။

ထိုသို့လက်ထပ်ပြီးသော် မယ်တော်သည် သားတော်အကြီး နရသိင်္ခမင်းထံသို့ ဝေဠုဝတီ လက်ဆွဲ၍ နန်းထဲသို့ဝင်လေလျှင် ဘုရင်နရသိင်္ခလည်း ခယ်မတော်ကို တိမ်းမတ်သော စိတ် လွန်မင်းစွာ ရှိလှသောကြောင့် ညီတော်ကို လိမ်လည် လှည့်ဖြားလျက် ငါ့သောင်းချမ်းအရပ်တွင် ဂျမ်းသူပုန် ထကြွခြင်းကြောင့် ညီတော်ကိုယ်တိုင် ထွက်ပြီးသကာလ နှိမ်နင်းရမည်ဟု လည်ဆယ်၍ ပြင်းထန်သော တချက်လွှတ် အမိန့်တော်ကိုမှတ်လေသည်။

ထိုသို့ နရသိင်္ခ မင်းက ပြင်းထန်သော တချက်လွှတ် အမိန့်တော်မြတ် မှတ်သော အခါ ညီတော်နရပတိ စည်သူမင်းသည် သဘောရိုးနှင့် ခိုင်းစေတော်မူသည်မထင် ပရိယာယ်ပေဂစ်ဖြစ်မည်ဟုဆင်ခြင်၍ကျွန်ယုံတော်ဗိုလ်အောင်စွါကိုခေါ်တော်မူပြီးသော်သင်သည် ငါနှင့်အတူ ချီတက်တော်မူရာ ငါ့ဆောင်

ချမ်းအရပ်သို့လိုက်ခဲ့ရမည် ကျွန်ုပ်ယုံတော်ဗိုလ်ပြည့်မှာငါ၏
နှမတော် ဝေဠုဝတီကို စောင့်ရှောက်ပြီးလျှင် အရေးတပုံ
ကြုံခဲ့ပါမှ သူတော်ငင်မြင်းကို စီးနှင်းလျက် ငါရှိရာငါ့ဆောင်း
ချမ်းအရပ်သို့ အဆောတလျင် ချက်ခြင်းလိုက်ခဲ့ရမည်ဟု အ
မိန့်ချမှတ်၍ အောင်တပ်တော်ခင်းကျင်းစီမံလေသည်။

နရပတိစည်သူမင်းသည် ဗိုလ်အောင်စွာကို တပ်မှူးခန့်၍
ငါ့ဆောင်းချမ်းအရပ်သို့ အပြင်းချီတက်တော်မူလေရာ တပ်
တောင်တာဗိုလ်ထုနှင့်ဘကွ နေ့ရက်မကြာမီငါ့ဆောင်းချမ်း
အရပ်သို့ရောက်လေ၏၊ ဤကဲ့သို့ရောက်တော်မူလေလျှင် ဒင်း
နယ်ပါယ်ဆိုင်ရာ ရာထူးခံမြို့နယ်အုပ်စိုး သူကြီး သလန်ထမ့်
တောကဲအစရှိသောသူဘို့ကိုဆင့်ခေါ်၍စစ်ဆေးမေးမြန်းလေ
သော် ဂျွမ်းသူပုန်မငွေ့ပြာတော့ ဇျွမ်းသာယာ ကြောင်းစ
သည့်ဘို့ကိုတင်လျှောက်ကြလေလျှင်နောင်တော်၏ဝက်ဆွဲအ
ကောက်ဉာဏ်ကို အမှန်သိမြင်တော်မူ၍ ဘပ်တော်မခေါက်
မှီ ရန်သူလာ မလာ စောင့်ဆိုင်း၍ တပ်ချသောနေရာကို
(မခေါက်မလာဟုတွင်လေလည်)။

နရသိင်္ခနရိန္ဒရာဇာသည် ညီတော်နရပတိစည်သူမင်းသား
တပ်တော်ပေါ်ကြွ ပြည်မှငါ့ဆောင်းချမ်းအရပ်သို့အောင်စည်
တီး၍ပြည်ကြီးက ထွက်လေသော် ခယ်မတော်ဝေဠုဝတီ
အဆောင်တော်သို့ဝင်၍မောက်ကျော်စော်ကားမတရားသော
အမှုအရာ ကာမေသုမိစ္ဆာစာရကံဖြင့် ကြံစီပြီးလျှင် အတင်း
ဗလက္ကာရအမှုများကို ပြုကျင့်သောကြောင့် နရပတိစည်သူ
မင်းက အစောင့်အရှောက် ထားခဲ့သော ကျွန်ုပ်ယုံတော် ဗိုလ်
ပြည့်ကို ခေါ်ပြီးသော် သူတော်စင်မြင်းနှင့် ချက်ခြင်းလိုက်ရ

မည့်မောင်မင်းဟု ဝေဠုဝတီမင်းသို့က အမိန့်တော်မှတ်သောကြောင့်မြင်းတော်ခံ ကျွန်ယုံတော် ဗုလ်ပြည့်သည် သူတော်စင်မြင်းကို စီးလျက် နရပတိစည်သူမင်းသားရှိရာ ငါ့ဆောင်းချမ်းအရပ်သို့ချက်ခြင်းလိုက်လေသည်၊

မြင်းတော်ခံ ကျွန်ယုံတော် ဗုလ်ပြည့်သည် သူတော်စင်မြင်းကိုစီးပြီးသော် ခရီးပြင်းနှင်ပြီးလျှင် မြင်းတော်မောပန်းလှသဖြင့် ရေများမျက်များ ကိုရှာဖွေကြည့်လေရာ(ထိုအရပ်ကိုယခုအခါတွင်ရေမျက်ကြီးအင်းဟုခေါ်ဝေါ် သမုတ်ကြလေသည်) ၎င်းအရပ်မှအပန်းဖြေ၍တဖန်ခရီးနှင်လေသော် ညနေနေဝင်ရီတရောအချိန်မှာ နရပတိစည်သူမင်းသား၏ တပ်တော်စခမ်းချရာအနီး ငါ့ဆောင်းချမ်းအရပ်သို့ရောက်လေ၏၊ ဤသို့ တပ်စခမ်းအနီးသို့ ရောက်သော်လည်း သဲသောင်လင်းလပ်ကြီးဆီး၍နေသည်ကို ရေပြင်ကြီး ထင်မှတ်၍ ညဥ့်အိပ်ရလေ၏၊ ညအချိန်သို့ရောက်လျှင် သူတော်စင်မြင်းသည် ပြင်းထန်စွာဟီလေသောကြောင့်၊( ၎င်းအရပ်ကို မြင်းဟီတောင်သို့မဟုတ်မြင်းလှည့်တောင်ဟူ၍ ယခုအခါတိုင်အောင်အမည်တွင်လေသည်၊)

နရပတိစည်သူ မင်းသားသည် ညဥ့်အခါ၌ မြင်းဟီသောအသံကိုကြားလေသော် စဥ်းစားဆင်ခြင်မိသည်မှာ ယခုဟီသော မြင်း၏အသံသည် ငါ၏သူတော်စင်မြင်းဟု ထင်သည်၊ သို့သော်လည်း အသေအချာမသိရချေ၊ နမတော် ဝေဠုဝတီတွင်တရံတခုအရေးကြီးသောအကြောင်းရှိ၍၊လိုက်လာထတုံ့ဟုအယူတော်ရှိသောကြောင့် သစ္စာဓိဋ္ဌာန်ပြုသည်မှာ ယခုဟီသောမြင်းသည် သူတော်စင်မြင်း ဖြစ်ရိုးမှန်ပါလျှင် ဤ

ခုန်းတော် အမှန်မလွဲ ပေါက်ပါစေသား ဟုလက်တော် နှင့် ခုန်းတော်ကိုထောက်လေလျှင်ခုန်းတော်ပေါက်လေ၏၊ (ထို အရပ်ကိုယခုအခါတွင်မလွဲခုန်းပေါက်ဟူ၍တွင်လေသည်၊)

နံက်အာရုံကျင်း၍အလင်းသို့ရောက်သောအခါနရပတိမင်း သားသံသို့ မြင်းတော်ခံ ဗိုလ်ပြည့် ဝင်ရောက်သောအခါနရ ပတိမင်းသားသည်၊ အကြောင်း အရာကို၊ မေးမြန်းလေလျှင် နေဝင်တော်နရသိမ်မင်းက အရှင်၏ကြင်ရာတော်ဝေဠုဝတီ မင်းသမီးကိုမောက်ကျော်စော်ကားခြင်းကြောင့် ကျွန်တော်မျိုး သည် သက်စွန့်ကြိုးပမ်းအလျှင်အမြန်သူတော်စင်မြင်းတော် စီး၍ ခရီးပြင်းနှင်ခဲ့ရာ ညအခါတွင် လင်းလပ်ကိုရေထင်၍ အ ရှင့်ခြေရင်းတော်သို့ မရောက်ကြောင်းကို တင်လေလျှင် မင်း တို့မည်သည်မှာ တနာရီတွင်းဝယ်၊ များစွာကြံစီပြီးမြောက် နိုင်ကြောင်းမိန့်ကြားတော်မူ၍ လွန်စွာစိတ်ဆိုးတော်မူပြီးလျှင် ဗိုလ်ပြည့်ကိုကွပ်မျက်သုတ်သင်ရန် သူသတ်တို့ကိုအပ်လေ ရာ ကွမ်းတရာ ရေဘွက်ပေးမှ ဘဝလွန်သော် ရေတွင်ချ လေ၏၊ ထိုနေရာကို ဗိုလ်ပြည့်ကို(ကွပ်မျက်သည့်နေရာဖြစ်၍ ကွပ်တော်ရာတွင်လေသည်၊)

နရပတိစည်သူမင်းသားသည်၊ မြင်းတော်ခံဗိုလ်ပြည့်ကို ကွပ်မျက်သုတ်သင်ပြီးလျှင် တပ်တော်ခေါက်၍ ပေါက္ကံနေ ပြည်တော်သို့ ပြန်လည်တော်မူလေရာ ရွှေကြက်ယက် ရွှေ ကြက်ကျ မြတ်စွာသုရားနှစ်ဆူ၏ တည်နေကိန်းဝပ်တော်မူ သော မဏ္ဍာဂိရိတောင် နှင့် နဂါးရာဇ်တောင်တော်တွင်စေတီ နှစ်ဆူကို သာသနာတော် ၁၃၉၈နှစ်၊ ကောဇာ သက္ကရာဇ် ၂၁၈နှစ်က သိရိဓမ္မ အာသောကရာဇာသည် ရှင်မဟာ

မောဂ္ဂလိပုတ္တတိဿ ရဟန္တာအရှင်မြတ်၏ ညွှန်ကြားချက်ကို ဦးထိပ်ထက်ပန်ဆင်၍ လက်မွန်အစပဌမတည်ထားကိုးကွယ် ပူဇော်ခြင်း၊ ယင်းမှတတန် သာသနာတော် ၁၅၄၃-ခု၊ ကောဇာသက္ကရာဇ် ၄၀၃ ခုနှစ်တွင်၊ ဘုရားသောင်းတော် ပေါက္ကံရာဇာ နော်ရထာမင်းကြီးက တကြိမ်ပြုပြင် လှူဒါန်း ကိုးကွယ်တော်မူခဲ့သော ရွှေကြက်ယက် ရွှေကြက်ကျ မြတ်စွာဘုရားနှစ်ဆူသို့ ဝင်ရောက်ဖူးမျှော်ရာ၊ရွှေကြက်ယက်တောင်တော်ပေါ်၌ စေတီတော်၏ မြောက်မုခ်အတွင်း မြတ်စွာဘုရားသို့၊ ဘောင်းပြင်တော်ကို သင်္ကန်းတော်အဖြစ် ရည်စူး၍ ပူဇော်ကပ်လှူရာတွင် အဓိဋ္ဌာန်သစ္စာပြုသည်မှာ၊ ဘုရားဘပည့်တော်၏ နောင်တော် နရသိင်္ခမင်းသည်၊ ဘုရားဘပည့်တော်၏ အပေါ်၌၊ ဆိုးသွမ်းညစ်ညမ်း၍ မတရားခြင်းကြောင့်၊ချခံတိုက်ခိုက်ရပါမည် ထိုသို့တိုက်ခိုက်သောအခါ၊နောင်တော်ကိုနိုင်မည်ဖြစ်ပါလျှင် ဤဘောင်းပြင်တော်ကိုအလှူခံတော်မူစေသတည်းဟူ၍ ဓိဋ္ဌါန်ပြုပြီးမှ ဘောင်းပြင်တော်ကိုတင်လှူသော်၊ ဝမ်းတော်ကိုလျှို၍ အလှူခံသည်ဟု ထင်မြင် စွဲလမ်းသောကြောင့် ( ၎င်း ဆင်းထုတော်ကို ကိုယ်တော်လျှိုဟု တွင်လေသည်။)

နရပတိစည်သူ မင်းသားသည် ရွှေကြက်ယက် မြတ်စွာဘုရားကို ဖူးမျှော်ပြီးလျှင်၊ ပေါက္ကံ နေပြည်တော်သို့ တပ်တော်လှည့်၍ပြန်ရာ၊ ၎င်းဘုရား တောင်ဘက် အနီးတွင်၊ ယခင်က ကွပ်မျက်လျက် ရေတွင်ချခဲ့သော၊ ဗိုလ်ပြည့်၏ အလောင်းကို လမ်းမှာရေတွင်မြော၍တွေ့ရှိခြင်း၊၎င်းသည်နတ်ဖြစ်၍နေခြင်း အစရှိသည့်တို့ကို မင်းသံနှော၍ ပြောဆို တင်လျှောက်သောကြောင့် ၎င်း၏အလောင်းကို ကောင်းမွန်စွာ သဂြိုဟ်ခြင်းကိစ္စ

ပြုပြီးလျှင်(၎င်းပေါ်လျက်နေသော အနီးရှိကျွန်းကို ပြည့်ပေါ်ကျွန်း၊ နောင်ကာလ ရှည်လျှားသော်–ရွှေဘော်ကျွန်းဟု တွင်လေသည်၊)

ထို့ပြင်–အနီးရှိ၊ ရပ်ရွာ နယ်ဂါယ်မှ ဆိုင်ရာ နီးစပ်သော ရွာသူကြီး ရွာအုပ်များကိုဆင့်ခေါ်တော်မူ၍ မြင်းတော်ခံ နတ်ကွန်း နတ်ကနားပေးဆက်ရန် စီမံပြီးသော် အစဉ်အတိုင်း ပြန်လည်တော်မူလေရာ၊ ပေါက္ကံနေပြည်တော်သို့ ရောက်လေ၏ ပေါက္ကံနေပြည်တော်သို့ ရောက်တော်မူလျှင် ဗိုလ်အောင်စွာကိုခေါ်တော်မူပြီးသော် မောင်မင်းသည် ငါ၏နောင်တော်ကို လုပ်ကြံရမည် နောင်အရေးကုန်လျှင်၊ မရီးတော် သုံးယောက်အနက် အသင်အလိုရှိရာနှင့် ထိမ်းမြားလက်ထပ်မည်ဟု ဂတိထား၍ခိုင်းစေလေ၏၊ ဗိုလ်အောင်စွာသည် နရသိင်္ခမင်း အိပ်သာတော် တက်နေခိုက်တွင်၊ လုပ်ကြံသဖြင့် အနိစ္စရောက်သေသည်၊(ဤအခါကစ၍ ဘုရင်မင်းမြတ်တို့ အိပ်သာတော်တက်သောအခါ အစောင့်အရှောက်ထားရလေသည်၊)

ယင်းကဲ့သို့လုပ်ကြံ၍ အောင်မြင်သောအခါ၊ ဗိုလ်အောင်စွာသို့ မရီးတော်သုံးယောက်တွင် နှစ်သက်ရာ ပေးမည်ဆိုသောစကားကို မရီးတော်များကြားသိ၍ ငါတို့သည် မဟာသွေး မဟာဆိဖြစ်ပါသည် ဆင်းရဲသားနှင့်မဆက်ဆန်ပါရစေနှင့် မတ်တော်မောင်၏အနားမှာကျီးစောင့်ကြက်နှင့်နေရန် အတန်တန်တောင်းပန်ကြသော် နရပတိမင်းသည် များစွာသနားကရုဏာသက်လှသဖြင့်၊ ဗိုလ်အောင်စွာကိုအကြောင်းခြင်းရာပြန်၍ပြောပြီးလျှင် ငါ၏မရီးတော်များက တောင်းပန်တိုးလျှိုးကြသောကြောင့်၊ ၎င်းမရီးတော်များချန်လှပ်၍ ငါ၏တိုင်းပြည်အတွင်းရှိ

မင်းကြီး မိုးကြီး ရာထူး ရာခံ အစရှိသောသူတို့၏ သို့၊ချော သွီး လှမျှားကို သင်အလိုရှိရာကိုသာ ကောက်ယူ လေတော့ ပဉ္စ ဘုရင်မင်းမြတ်က အမိန့်တော်ရှိရာ(ထွဂ်)ယှ တံတွေး ထွေးပြီး လျှင်၊ ရာဇာဒကောဇနံ ဆိုသော စကား ပျက်ပြား လေသည် စသည်ဖြင့်မည်တင်းလေ၏၊ နရပတိစည်သူမင်းသည် ငါကဲ့ သို့သောဘုရင်ကို ဤကဲ့သို့လုပ်ရပါမည်လောဟု ရာဇမာန်ကြွ ၍ ကွပ်မျက်လေရာ ကွမ်းတရာရေတခွက်ပေးမှသာလျှင်၊ ဘ ဝလွှန်၍နတ်ဖြစ်လေသည်၊ရင်းနောက် နရသိင်္ခမင်း၏ အထိန်း တော်အနန္တသူရိယကိုလည်း နောင်တော်ယက်ကျွန်ဖြစ်၍ အ ပြစ်မဲ့ကွပ်မျက်သုတ်သင်လေသည်၊

အနန္တသူရိယလည်း သေအံ့သည့်ဆဲဆဲတွင် လက်ာ လေး ပိုဒ်ကို ရေးသားလေသည်၊

အနန္တသူရိယ ရေးသား ဆက်သွင်းသည့်
**လင်္ကာလေးပိုဒ်၊**

၁၊ သူတည်း တယောက် ကောင်းဘို့ ရောက်မှု သူတ ယောက်မှာ ပျက်လင့်ကသာ ဓမ္မတာတည့်၊

၂၊ ရွှေအိမ်ရွှေနန်း ကြငှန်းလည်းခံ မတ်ပေါင်း ရံလျက် ပျော်စံရိပ်ငြိမ်၊စည်းစိမ်မကွာ၊မင်းချမ်းသာကား၊သမုဒ္ဒရာရေ မျက်နှာထက်၊ခဏတက်သည့်၊ရေပွက်ပမာ တသက်လျှာတည့်။

၃၊ ကြင်နာသနား ငါ့အားမသတ် ယခု လွှတ်လည်း မ လွတ်ကြမ္မာ လုတကာတို့ ခန္ဓာခိုင်ကြည် အတည်မမြဲ ဖေါက် လွဲတတ်သည် မချွတ်စသာ သတ္တဝါတည့်၊

၄၊ ရှိခိုးကော်ရော် ပူဇော်အကျွန် ပန်ခဲ့တုံ၏ ခိုက်ကြုံ ဝိပါက် သံသာစက်၌ ကြုံကြိုက်လင်တုံမူ တုံ့မယူလို ကြည်

ညှိ စိတ်သန် သခင်မွန်ကို ချန်ဘိစင်စစ် အပြစ်မဲ့ရေး ခွင့်လျှော် ပေး၍ သွေးသည့် အနိစ္စာ ငါ့ခန္ဓာဟည့်။

ဖင်းစာကို အာဘာဝါးကွက် သူသတ်မင်းချင်းတို့က နရပတိစည်သူမင်းသို့ ဆက်သလေရာ၊ ။ဘုရင်မင်းမြတ်သည် စာ၏အဓိပ္ပါယ် ကောင်းသောကြောင့် အနန္တသူရိယကို လွှတ်စေ အမိန့်တော်မြတ် မှတ်တော်မူသော်လည်း ကွပ်မျက်ခြင်း လက်လွန်ပြီးကြောင်း သံတော်ဦးတင်လေလျှင်၊ ဤကဲ့သို့ပညာ ရှင်တယောက် ဆုံးပါးပျက်စီးသည်အတွက် သူသတ်တို့ကို မျက်တော်မူ၍ နောင်သတ်စရာ တပုံတခုပေါ်ပေါက်လျှင်၊ နေ တောင်တင်မှ သတ်ရမည်ဟုအမိန့်တော်ထုတ်ပြန်လေသည်။

သက္ကရာဇ် ၅၄၇ခု၊ သာသနာတော် ၁၇၂၉ ခုနှစ်သို့ ရောက်သောအခါ၊ နရပတိစည်သူ မင်းသည် နောင်တော် ကို လုပ်ကြံပြီးသော် ထီးနန်းသိမ်းပိုက်ပြီးလျှင် မင်းမိဖုရား ဆွေ တော်မျိုးတော် ချူးမတ်ဗိုလ်ပါ အလုံးအရင်းနှင့်တကွ ကရ ဝိတ်ပေါင်တော်ကို ရဲလှေရဲလောင်း မြောက်များစွာ ဆွဲငင်စေ လျက် ရွှေကြက်ယက်မြတ်စွာဘုရားကို ဖူးမျှော်ပူဇော်ရန် ရော ဝတီ မြစ်ကြောင်းဖြင့် ဆန်တက်လေရာ ရွှေကြက်ယက် ဆိပ် ကမ်းအနီးတွင် မိကျောင်းဘကောင်သည် ပေါင်တော်ကိုချုပ် ၍ထားသေ၏ ထိုအခါတွင် ရန်မာန်ငထွေးခေါ် ဘူရဲကောင်း တယောက်သည် သံလျက်ကိုစွဲကိုင်လျက် ငါ့အရှင်၏ ဘုန်း တော်ကို သင်းမသိလောဟု ကြိမ်းဝါးပြီးသော် ရေထဲသို့ခုံ ဆင်း၍ မိကျောင်း၏ရန်ကို ပြိုဖျက်သုတ်သင်လေ၏။

ထိုနောက် ကရဝိတ်ပေါင်တော်ကို ဆိပ်ကမ်းသို့ ဆိုက် ကပ်လေလျှင် ပေါင်တော်ဦးတွင် ရုတ်ဘရက် ဗိုလ်အောင်စွာ

ဗိုလ်ပြည့်တို့ရောက်လာ၍ နရပတိစည်သူမင်းအား ရှေးအခါက အမှုတော်ကိုသက်စွန့်ကြိုးပမ်း ထမ်းရွက်ခဲ့ကြောင်းကျွန်ုပ်ရင်း သခင်ရင်းဖြစ်၍အရာရာမှာမျှော်ခေါ်ထောက်ထားသင့်ကြောင်း နောင်ကိုလည်း တတ်အားသမျှ စောင့်ရှောက်ပါရမည့် အကြောင်းများကို မင်းသံ့ချော၍ ပြောပြီးလျှင် ကွန်းထောက်နန်းတောင်းကြလေသည်၊ ထိုအခါ နရပတိစည်သူ မင်းသားသည် ရှေးဟောင်းနှောင်းဖြစ်များကိုထောက်ထားဆင်ခြင်တော်မူပြီးလျှင် အလွန်တရာမှ ကြည်ကွဲတော်မူသဖြင့် ရွှေကြက်ယက်တောင်တော်၏ အနောက်ဘက်တွင် မြင်းတော်ခံ ဗိုလ်ပြည့်နတ်ကွန်း နှင့် ရွှေကြက်ကျ တောင်တော်၏ တောင်ဘက်တွင် ဗိုလ်အောင်စွာ၏ နတ်ကွန်းများကို တည်ဆောက်တော်မူ၍ နယ်ပါယ်ကို ပေးသနားတော်မူလျက် နယ်တော်ရှင်ဟူသော ဘွဲ့ထူးချီးကျူးတော်မူပြီးနောက် ရွှေကြက်ယက်တောင်တော်ထက်သို့ ချီတက်တော်မူ၍ မြတ်စွာဘုရားကိုပူဇော်ကန်တော့ပြီးလျှင် ရှေးယခင်ကဆုတောင်းပြည့်သောဘေးလောင်းတော် အနော်ရထာမင်းဖိကုသိုလ် ဆုတောင်းပြည့် ရုပ်ပွားတော်ကို မြောက်မုခ်အတွင်း၌ ဌာပနာတော်မူလျက် ရင်းတောင်တော်ပေါ်သို့ မင်းဆွေမင်းမျိုးများတက်ဖူးခြင်းကို တားမြစ်ရန် အရံ စောင့်များနှင့် ကြပ်တည်းစွာစောင့်ရှောက်စေခြင်း ပျက်စီးယိုယွင်းသော စေတီပုထိုးတို့ကို သစ်လင်းနဝကံ ထပ်မံပြင်ဆင်ခြင်း စေတီတော်ကြီး၏ မြောက်ဘက်အနီးတွင် မင်း၏ကိုယ်စားနရပတိစေတီတသူ ဗိုလ်အောင်စွာ ဗိုလ်ပြည့်ကိုယ်စား အောင်စွာကြီး အောင်စွာငယ် နှစ်ဆူစသော ဘုရိပ်တော်များကိုပြုလုပ်ရန် နဝကမ္မအတွက် ဘဏ္ဍာကာရ များစွာအုပ်

လှူ ပေးကမ်းရေစက်သွန်း၍ ပေါက္ကံ နေပြည်တော်ကြီးသို့ ပြန်လည်ရုန်ဆင်းတော်မူလေသတည်း၊

ထိုမှတပါး အလောင်းမင်းတရားကြီး၏သားတော်ဆင်ဖြူရှင်မင်းတရားကြီးကိုးကွယ်ပူဇော်တော်မူခဲ့သော ဇိနမာရ်အောင် လောကမာန်အောင် ရတနာမာန်အောင် ဒုဿမာန်အောင် ရုပ်ပွား ဆင်းတုတော် များသည်း အနီး အနားရှိ ဘုန်းတော်ကြီးကျောင်းတွင် အုပ်ကျောင်းတော်နှင့် တည်ထားလေ၏။ ရှေးအခါက ထိုရုပ်ပွားဆင်းတုများသည် အရှေ့မုခ် မြောက်မုခ် ဝဲယာတွင်ထား၍ပူဇော်လေသည်၊

ရွှေကြက်ယက်၏သံတူကြောင်းကွဲစကားများကို
ရှင်းလင်းချက်။

အမရပူရမြို့နယ် စစ်ကိုင်းအရှေ့ဘက် ရွှေကြက်ယက်သည် မဇ္ဈိမဒေသမှ ဆက်သွယ်ခဲ့သော အလောင်းတော် ကြက်မင်းစံနေခြင်း၏သမိုင်းရင်းဖြစ်လေသည်၊

၎င်းမှတပါး ကိုးခရိုင်နယ်အတွင်း ကျောက်ဆည်နယ်တွင်ရှိသော၊ ကြက်ဆိတ်၊ ကြက်မှုန်း၊ ကြက်မတွန်၊ ကြက်ပုန်း၊ ကြက်ပြေး၊ နှင့်တကွ တောင်ငူ စိရင်စုအတွင်းရှိ၊ ရွှေကြက်ယက်သည်၊ ရတနာပူရ အင်းဝရာဇဝင် ဓမ္မစေတီ၏၊ ကြက်ဖြစ်လေသည်၊ ၎ပြည်မြို့၊ ကြက်တင်တောင်မှာ၊ ငတပါး၏၊ ကြက်ဖြစ်လေသည်၊ ရန်ကုန်မြို့၊ ရွှေကြက်ယက်တောရမှာ အမရပူရ ရွှေကြက်ယက်ဆရာတော်၊ ဦးမေဓါ၊ သိတင်းသုံးနေသည်ကို အစွဲပြုမှည့်ခေါ်ခြင်းဖြစ်လေသည်၊

ရွှေကြက်ယက်မြတ်စွာဘုရားနှင့် စပ်လျဉ်းသည့်၊ ရှေးပညာရှိ
ကဝိသူမွန်တို့ရေးသားသည့် ကဗျာဗန္ဓများကို ပြဆိုသောအခန်း။

စစ်ကိုင်းထောင်သင်း၊ စလင်းလက်ျာပြည်မှာနဝဒေး၊ ရေးသားသည့်
ကြက်ပွင်းတောင်၊ ဘုရားတိုင် ရတုမိုဒ်စုံ။

အရှေ့ရူးရူး တောင်ထိပ်ဦး၌၊ ဖြူးဖြူးရောင်ခြည်၊ မယ်တို့
ပြည်နှင့် မျှော်သည်ဆည်သင့် မတ်မတ်တင့်သား၊ နေနှင့်လဝန်း
တူပြိုင်ထွန်းသို့၊ ညီးမြန်းဆာပူ၊ လူတို့အာကိုး၊ သနားချေချွတ်
ငြိမ်းစေတတ်ဟု၊ လူနတ်ဝန်းခြံ ရုံသောအားဖြင့်၊ လှည့်ဖြားသွေး
ချို၊ ဆိုလှည့်ရာကို၊ နာလွယ်ချေမော၊ သဘောယုံမက်၊ တိုင်
လျှောက်မြွက်သည် ကြက်ယက်နှစ်ဆူ ဂူမြတ်စော။ ။

တဆံတမြူ မည်သို့ပဲ၍၊ ကွေ့ယူစွန်းငြိ မရှိစကောင်း၊ ရှေး
နှောင်းမလွန်၊ တူတန်လှဘိ မင်းသိဝိုးဆင်၊ တရှည်တည်ခြင်း၊
မယွင်းသာပြီ၊ မိဘညီဟု၊ ရှည်မှီပျော်ဘက်၊ ကိုယ်အသက်ကို
ဝလျက်ခွဲဝေ၊ တတ်အားပေသည်၊ နှစ်တွေမပြား သခင်သားကို
မျှားမျှားမချန်၊ ဆယ်ဆလှန်၍၊ အမှန်စိတ်တွင်၊ နှင်းဆဖော်ချင်စွ
သို့စင်မိန့်ပြတ် နှောင်မျိုးမြတ်သည်၊ မယ်မှတ်တမူ ယူချွတ်မော။ ။

တရိုက်ဆွတ်ဆွတ် တမ်းရေ့ရွတ်လျက် မိန့်မြွက်အရူသည်း
ဝမ်းနည်းဝမ်းပါး ကြောင်းလျှားစိစစ်၊ အောင်းမေ့လစ်သော်
ရှင်ချစ်တို့လေ၊ လူရပ်မြေဝယ် မတော်ဘွယ်ကြောင့် ပန်းနှယ်
ထိပ်တက် တင်ရွက်မတတ် လေးမြတ်လွန်ကြူး ဆယ်ဦးဆယ်
ရာ သဒ္ဒါဓိဌာန် မြဲပင်မှန်ရှင့်၊ လေထန်မိုးနှယ်၊ ရွေ့ရွေ့ပြယ်
သော်၊ ဘုန်းကြွယ်မြတ်ခေါင် နှစ်မမောင်ဟု၊ ရွှေဘောင်ထိပ်
ထက် ရွှေကြက်ယက်၌ ဆိုခက်မောအောင် ကျိန်ရဲခေါင်နှင့်
နှောင်ဘဝဝယ်ကျွတ်ဆုရွယ်သည်စမွါယ်မဥ္ဇူပြူဆွတ်မော။ ။

စာဆိုတော်—ဦးမင်းဘွဲ့ဆိုသော။ ရွှေကြက်ယက်
ဘုန်းတော်ဘွဲ့ လေးချိုးကြီး။

ဘဝဂ်သာကြူးတော့တယ် ထက်မြူးရောင်လျှံနှင့်တောင်

သယံ ရွှေကြက်ကနေစက်ရှင်ဆယ်ဆူမှ ဆွယ်မှပြု ဂုဏ်ညွှန်း
ပေရ ဘုံ ကိုးပိုင်၊ ရပ်အပြစ်ကယ်ရှစ်တန့် ပါယ်လေးတန်လဲ
သုံးတန်ကပ်လွတ်ဟန်ခိုးတော်ချွတ်နိုင်လို့ မိုးထွန့်ကယ်ပြဗ္ဗာ
နတ်တကာနှင့်၊ သဗ္ဗဝါတို့ စက်ရင်းသာခိုတော့တယ်၊ ဆိုမေ
ကုန်ဘုန်းတော်မှာ ဆုံးမမြှော်ကုဋေပွားလို့ ကျော်ငါ မည်တ
သိန်မြင့်ချေသော့ ချီးခွင့်မနိုင် သျှသဘင်မှု ရေပြင်မလပ် ဆိပ်
ကမ်းကြုပ်မျှ ကုန်းတပ်ကဲ့မြင်းဆင် လှည်းခြေလျှင်နှင့်၊ ယာဉ်
ညည်ရထား ယန္တယားလဲ များပြားဖြိုးထူ ပြည်ကြီးသူတို့ အ
မှုအရာ မွန်မြတ်စွာပင် ရှိကြာညွှတ်နူး သုံးလူ့မှူးကို ဖူးမဝလို
ထူးစေတနာ ပိုလွန်းလို့ ဗိုလ်ခြေယ်ဆိုင်သည့် ဂနိုင်တောင်
တော ပြည့်ကြည်းရေနှံ့၊ ။ ။ပင်သန္ဓေမြတ် စောဝေလုနတ်ကယ်
ကြောင့်၊ ရိမဒ်ကယ်နန်းရှင်၊ မာန်ယခင်ဝယ်၊ လိုအင်ပတ္ထနာ
မြွက်သောခါလဲ သာကိုယ်တော်လျှ ဗျာဒိဟာပြဘူးတဲ့ တေဇ
နိသင် ထူပပင်မှု ဇမ္ဗူခွင်မြန် ဆိတ်မည့်ဘဲရို့ ဓိဋ္ဌာန်ကိုးကာ
ခတိုးပါတော့တယ်၊ ဧရာမြကမ်းပေါ်မှာ ကြက်နန်းတော်နှစ်
တောင်ညွှန့်ရယ်က၊ လေးကျွန်းရန်ဟန့်၊ ။

စာဆိုတော်-ဦးမင်းဆိုသော။ ရွှေကြက်ယက်၊ ရွှေကြက်ကျ မြတ်စွာဘုရား
နှစ်ဆူနှင့်စပ်လျဉ်းသောကဗျာများ။

ရွှေပြောင်ပြောင်တောင်ပေါ်ကဘုရား မယ်နှင့်မောင်သစ္စာ
ထားဘယ် မြဲရပါစေသား။ ။

ကြက်ယက်ကယ်တဲ့ကျပြန်၊ တောင်စွန်းစိုးနွယ်က ဥပဒေ
ဂါရဝ ရင်းသည့်ကမှန် ဗျာဒိပ်ကယ်ခံ နိဗ္ဗာန်နှင့်အဖြောင့်၊ ရန်
မက်သာ ကင်းတော့တယ် ကြက်မင်းတောင်ပန်သိုလို့ ကွန်း
ခိုတဲ့ထောင့်၊ ။

## လေးဆစ်သဖြန်။

ကြက်ညီနောင်ရေမှာမြောပါလို့၊ မြကျောခမင်းဝံ ရွှေတောင်လဲတော့မရှောင် အာကာဘောင်ကြယ်ပြောင်ကွဲ့၊ မြေလျှံးပြည်ဇေယျာလေထါ်လျှင်၊ မြေပါရွှေ့စေတော့၊ ခင်မေ့မောင်မရုန်းတယ်၊ သုံးဘဝကူး။ ။

### သူတော်ဦးမင်းဆို၊ ရွှေကြက်ယက်လွမ်းချင်း။

ရေယာဉ်စမ်းရယ်နှင့်၊ သောင်ကမ်းငယ်ပြည့်လျှံ မြစ်လုံးငယ်ညံ့သည်၊ လှော်တက်သံမြိုင်မြိုင်နှင့်၊ လှေပြိုင်ကျင်းတဲ့လက်ရုံလေး၊ ကန်ရာသီငယ်ခါမှိုသင့်ခွာ၊ ဘွဲ့အာကာမှာ ပြုပွါဘဒ္ဒပိုဒ်ဳ ကြက်ညီနောင်တောင်ဘဝိုက်က ရေလိုက်ကွဲ့သဘင်စုံစုံပင် ရွှင်သောအခါ မြိုင်ခွင်လုံးဂန္ဓာမှာ ရွှေယင်းမာပန်းတော်မင်းက သင်းလှတယ်လေး။ ။

ဖြေဖြေရန်ခက်ပါဘိ၊ ရွှေကြက်ကွဲ့တောင်ပေါ်၊ လွမ်းလို့သာမောင်မျှော်၊ စကုခေါ်ဟုံဘက်ကမ်းဆီက၊ စိတ်ပမ်းလို့ကိုယ်ကျေ ဒိုအနေခက်တယ် အသက်ကယ်လေး။ ။

ဆံကေရှင်ရယ်၊ မပြင်လက်သပ်၊ ကျော့တပတ်နှင့်၊ သက်ပြုတ်လှူဘွယ်၊ စွန်ဆိုးလက်ဝယ် ကြက်သူငယ်သို့ ဘဝပူပုံ ငိုအားသာကြုံတော့တယ် ရွှေရင်တုံ တောင်တော်နန်းဘ လွမ်းလှဘယ်သေး။ ။

အောင်စည့်တီးပါလို့ ပြည်ကြိုတဲ့ဆက်ခါမန်းရွှေမှိုတောင်လက်ျာမှာ ကြက်သေလာစံရာကွန်းကိုလ လွမ်းလှတယ်လေး၊ မြစ်ဇရာငယ် ခွေဘာလျှမ်းခ၊ ကမ်းအစတွင်၊ တေဇာထက်သန့်မြမောင်နှံတို့ ယမန်ရှေးခါ၊ တောင်မဏ္ဍာနှင့် သေလာနာဂရာဖြာဗောဓိလျှာ၊ ဖြစ်စဉ်က၊ နန်းသစ်ကွဲ့ပျော်ရာ၊ ရိပ်ခန်းသာရို့

ဓမ္မာသောအရင်းစ၍၊ ပဋ္ဌမတည်၊ မွေ့သရိ စေတီထူးတွင်မှ၊ မိဋ္ဌာန်ကာပဏာကြူးလို့ရယ်၊ ဖူးကြတယ်လေး။ ။

(၃။၁။၃၅) ကျောက်စာရုံးစာရေးထံမှ၊ ဘာသာပြန်ပြီးရသည်၊ အမရပူရမြို့နယ် ရွှေကြက်ယက်တောင်။တနင်္ဂနွေဒေါင့်ရှိ

ရှေးဟောင်းကျောက်စာ။

ကောဇာသက္ကရာဇ်၊ ၆၈၈ခုနှစ်၊ စစ်ကိုင်း၊တရဖျားမိဖုရားကြီးကောင်းမှုကျောက်စာအဓိပ္ပါယ်အချုပ်ကား၊ ။ရွှေကြက်ယက်ဘုရား၊ ပျက်စီးသိုယွင်းသည်ကို၊ အသစ်ထပ်မံပြင်ဆင်တည်လုပ်၊ ကျောင်းတည်ဆောက်၍၊ ဝတ္ထုကံမြေကျွန်သီးတော်လှူခြင်းအကြောင်းကို၊ကျောက်စာကမ္ဗည်းရေးသားစိုက်ထူထားခြင်းဖြစ်သည်၊

၁၊ သက္ကရာဇ်၊ ၆၈၈ခု၊ တပေါင်းလပြည့် ၅ နိယ့်၊

၂၊ နန်းထက်တက်စပြီးသ သိဟာသူရဟု အမည်တင်သ၊ဆင်ဖြူရှင်မင်း၊

၃၊ စစ်လည်းဖြစ်သော၊ စစ်ကိုင်း မင်းဘုရဖျား၏ မိဖျားလေးဖြစ်ထသော၊

၄၊ ဆင်ဖြူ အသျှင် သးတ်မင်းတရဖျားကြီးစစ်သည့်အညာသို့လားသကားတရက်ပြည့်ရောက်သြောင်၊

၅၊ အကြေသို့ လားသကား ရတ္တမတိုင်သြောင်ကြက်ယက်ပဂူ၍ အမည်အားဖြင့်၊ လူတွင်ထင်၊

၆၊ ရှားစွာသောရေမျက်နှာ ထက်ပင်သကဲ့သို့၊ သာသနာတော်မြတ်ထက်နိုက်၊

၇၊ စေတီပေါင်းကိုမြင်ရကား၊ သဒ္ဓါနှစ်လုံးကြည်ညိုစွာ၍ ဝပ်း၊

၈၊ ယိမ်ဖြစ်မင်းကြပ်ရ၏၊ ပြို့ဗြိုးပြက် သအာရောင် တောက်ပအလွန်သွသရှုယ်အတွက်လေး၊

၉၊ ထင်ရ၏၊ ရှင်ပင်ကိုယ်စား သာသနာကိုလည်းပြု ရ၏ ကျောင်းလည်းပြုရ၏၊ ထိုသို့၊

၁၀၊ သဖုရှားမြတ်ကိုမှီ၍ ကျောင်းနိုက်၊ နိယ်သောသတ မြက်လှည်းသောဆရာသ၊

၁၁၊ ဃ်ာတို့ကိုအခါခပ်သိမ်း၊တည်စိယ်လို၍ဘုရားကို လည်းအခြံအရံတင်တယ်၊

၁၂၊ စေလို၍၊ ပစ္စည်းလေးပါး၊ ဖြစ်စိမ့်သော၄ါ၊ လှူ သောမြေကာ၊ ကန်တိလ်အရပ်၊

၁၃၊ နိုက်တန်းတတန့်ဗိုတ်တွင်စစင်မြိုယ်........ရွာ လောင်မှပေါက်ရင်း၊ ၅ ပဲ၊ သံမရင်း၊

၁၄၊ ............ပန်းတင်နန်းတောက် ၅ ပဲ၊........ အင်းတတန့်ဗိုက်တွင်ထန်းပင်ရင်း ၅ ပဲ၊

၁၅၊ ............နန်းထောက် ၅ ပဲ၊ ရိုယ်ကျွရွာ ၅ ပဲ၊ အင်းမတွင်အဆူပုသင် ၅ ပဲ၊

၁၆၊ အပေါင်းကား၆ ၅ ပဲလျှင်လှူတော်မူသတေး၊ဘု ရားကျွန်က၊ ခေင်ဖြူ ခေင်မောင်၊

၁၇၊ မြေ ိယ်လူ ၃ ယောက်တေး၊ဤငါပြုရသောလှူရ သောကောင်းမှုအကျိုးအားဖြင့်လို ၂ သ၊

၁၈၊ ............လေးပြည့်စုံချင်သတည်း၊သကြွား မင်းစသော၊နတ်ခပ်သိမ်း၊မင်းကြီးတရာဖျားစသောလူ၊

၁၉၊ ခပ်သိမ်း၊ ဤမှတပါးသောခပ်သိမ်းသတ္တဝါတို့ လေး...........သတေး...........

၂၀။ ............ ငါလဲလှူသကောင်းမှုကိုခီးပင့်ပါ
သသူကား၊ ဤလှူတွင်၌၊...........ချမ်းသာ.................

၂၁။ ချင်းဖြစ်စေသတည်း၊တမဂ္ဂန်နိုက်လည်း၊လိုသ
ဆုကိုငါနှင့်ထပ်တူ၊ရစေပါစေသတည်း၊ဤ

၂၂။ ကောင်းမှုကို၊ ဖျက်သသူကား၊ လူတွင်နိုက်
လည်း ချမ်းသာမဟိ၊ငရဲတိလျှင်ဟိစေသတည်း၊

၂၃။ ဤကိုယ်အဖြစ်မှ၊ ရတောမနိယ်သိယ်ခသော်မ
ဟာအဝိစိငရဲ.......အခြိုး၊

၂၄။ ဖြစ်စေလိမ့်သတည်း၊ အကဿာဘာဘုရားကို
လည်း၊မဖူးစေသတည်း၊

၂၅။ ဤကောင်းမှုကို၊ သာသနာမကုန်မချင်းတည်စေ
ချင်၍သစ္စာဆိုမှုသတည်း၊

၂၆။ ဤငါလှူသောလဲနှင့်၊ငါလှူသောဘုရားကျွန်ကား
အခါခဝ်သိမ်းလျှင်လုပ်ကြိုယ်စေသတည်း၊

ရွှေကြက်ကျတောင်ပေါ်တွင်၊ရေးကတည်ထား၍
အသည်တော်များက,ဗဲထဲချသည်ဟုပြောစမှတ်ပြုသော
**ရှေးကျောက်စာမူတော်။**

ဇေယျတု၊ မဟာနေရုရဝသဘိ၊ ပါကတောဋ္ဌိတိယာ၊ သဒ္ဒါတထာစယန္တိ ဉဿဟာမိဒံ၊ရာဇာဒိ၊ ရာဇိနော၊ သောဟိ နေကရဋ္ဌိန္ဒာနံ၊ရာဇူနံ၊ ဝရဝံသဇော၊ အတိဘောနေမိရာဇာဝ ကာတုံ၊ သဒ္ဓမ္မဇောတနံ၊ အနန္တပုညဝေဇသာ၊ ရတနာသိယံ သာမိနော သုတောအာဒိစ္စဝံ့ယောဝ၊ရာဇဝံသာဘိ၊ ဝဓိုနော ဇေယျာပုရသာမိကဿ၊ သစ္စကျရဋ္ဌဝဓိုနော၊ မိဂသယေယ်ယ ထသိနော အရိမဒ္ဒသဘာသိကော၊ ရတနာပူရ၊ ပတိနော၊

သတိဘိန္နသာဘာတိကော၊ ပိဋ္ဌေသကုလာမဇ္ဈေ ဝဒုဇ္ဈေ ဒဝေ ရဘောဒိနော၊ ဉာတိ အာဒိစ္စဝံသော ဝအင်္ဂီရသမနာဂတော ပိဇိ တာပိ၊ ယထာရာဇာ၊ အနန္တဗလပါပဟာနော အနေကဂုဏ ရတနာပူရ၊ ရဇ္ဇာဒိသာမိကော အနေကစေတိတိ၊ အနန္တပုညရာသိမာ အနေက စေတိယာဝါသကာရကော၊ သီလဗ္ဗနော သောတမ္မဒီပရဋ္ဌမှိသပုညကမ္မနိမ္မိတော၊ အမရသကာသော၊ အမရပူရနာကော၊ အဝဇယ၊ အဘိသေကော၀၊ ဝိက္ခုတ္တုံ၊ ဂန္ဒညာရကော စက္ကဝတ္တိယ၊ ယူပေတောပဋ္ဌဂ်ဇေဋ္ဌကာဒိနာယ၊ သမ္မုတ္တော ဝိသောခေတ္တံ ရဋ္ဌကမ္မဋ္ဌိသာသနံ၊ တဒါပေါရာဏာရာဇူဟိ ဒိန္နံပိ စေတိယာဒိနံ၊ သာသနတ္တံ၊ တထာစေဝ၊ ပသာဒံ တွာ၊ အဘူတံ၊ နေဒံ ယုတ္တန္တိ၊ စိန္တေတွာ၊ ဓမ္မရာဇာပိတက်ရောသနေတွာ တတ္ထတတ္ထ၊ သဗ္ဗသေလက္ခ ရာနိပိ၊ ယုတ္တာယုတ္တံ၊ ဝိစာရေတွာ ဋ္ဌိတိယာ၊ သာသနာသာစ၊ ပဏ္ဏံယာစေဝ၊ ဇုဋ္ဌုတ္တံ ပဋိသေဒိယတာတတံ၊

ဤသို့ဂါထာဗန္ဓ၊ ထိလောကတို့ဖြင့်၊ ယထာဘူတဖြစ်အပ်သော၊ အသာခရဏာငိသေသရှိတော်မူသော၊ တိုင်းကြီးပြည်ကြီးထီးဆောင်းမင်းများသခင်၊ ဆင်ဖြူများရှင်၊ ဘဝရှင်မင်းတရားကြီးသည် မဟာသုဒဿနမင်းတရားအား ဘုန်းကြွယ်ကြောင့်ဖြစ်လာသော၊ ကုသဝတီရာဇဓာနီသဘွယ်၊ အင်္ဂါကြီးငယ်နှင့်ပြည့်စုံစွာ၊မဟာရာဇဓာနီဖြစ်သော၊ အမရပူရ၊ နေပြည်တော်ကြီး၊ ရွှေနန်းရွှေဘုံပေါ်ထက်၊ သိကြွားမင်းအသရေတော်နှင့်တူသော၊ အသရေတော်ဖြင့် စံပယ်တော်မူလျက်၊ ဒေဝါနံပိယာတိဿ၊ စသောမင်းတရားတို့ကဲ့သို့၊ ကျွမ်းဂန်ထုံးစံနှင့်ညီစွာ၊ နှစ်ကြိမ်တိုင်အောင်၊ ဆောင်သော၊ ရာဇာဘိသေက

မဟာမင်္ဂလာတော်၌၊ ဘုန်းကာံ၊ ပါရမီတော်ကြောင့် ဖြစ်သော
(သိရိပဝရာဝိဇယာနန္တယသတြိဘဝနာဒိတျာဓိပတိပဏ္ဍိတ
မဟာဓမ္မရာဇာဓိရာဇာ) နာမံတော်ဖြင့်၊ ကျော်စောထင်ရှား
စွာ၊ ကျွန်းလေးမျက်နှာထွန်းလင်းသော၊ နေမင်း၏အရောင်အ
ဝါနှင့်တူသော ဘုန်းအာဏာတော်ဖြင့်၊ သီရိဓမ္မာသောကမင်း
တရားသည် ဘောလောင်းတော်တို့အရိုက်အရာ တိုင်းပြည်တ
ကာတို့ကို၊ သိမ်းရုံးပြုရသကဲ့သို့၊ ရခိုင်ဓညဝတီ စသောတိုင်း
ကြီးပြည်ကြီးတို့ကို သိမ်းရုံးတော်မူလျက် ပြည်ထဲရှစ်မျက်နှာ
သာယာစည်ပင်အောင် ပြုတော်မူခြင်းနှင့်တကွ လူတို့အထွဋ်
သဗ္ဗညု ဘုရားသာသနာတော်ကို (၁၅၀) မကသောမြို့ရွာတို့
သို့သာသနာပြုဆရာတော် သံဃာတော်တို့ကို စေလွှတ်တော်
မူခြင်း (၁၅၀) မကသောမြို့ရွာတို့၌၊ သရီရဓါတ်တော်မွေ
တော် ရုပ်ပွားတော်တို့၏၊ ကိန်းဝပ်ရာ ရွှေဂူစေတီတည်ထား
တော်မူခြင်း၊ သဗ္ဗညု ဘုရား ထင်ရှားရှိစဉ်ဘန်ဆင်းသွန်းလုပ်
အပ်သော ရခိုင်ဘုရားကြီး၊ မဟာမုနိကို၊ နေပြည်တော်သို့ပင့်
၍ ပြည်သူလူအပေါင်းတို့အား ပူဇော်စေခြင်းစသောအခြင်းအ
ရာဖြင့်၊ထွန်းလင်းစည်ပင်စွာပြုရတော်မူလတ်သော ရှေးဘော
လောင်းတော်မင်းတရားတို့ သာသနာစီးပွား များစိမ့်သောငှါ
စေတီကျောင်းကန် သံဃာတို့ကိုချည်မှတ်လှူဒါန်းခဲ့သော ဝတ်
မိုးဝတ်မြေသည် ကာလရှည်လျားသဖြင့် မသင့်မတင့် ကွယ်ပ
ယိုယွင်းသည်ကို အမြင်တထောင်ဆောင်သော သိကြားမင်း
၏အမြင်ကဲ့သို့သော ပညာတော်ဖြင့် မြင်တော်မူ၍ ပြကတေ
သောလှူရင်းအတိုင်း သားတော်အစဉ် မြေးတော်အဆက် မြစ်
တော်အဆွန့် အမွန့်ရှည်စွာ သာသနာတော်(၅၀၀၀)မတိုင်သ

မျှကာလပတ်လုံး မသုံ မဖြင်း မကွယ် မပနိုင်သဖြင့် သာသနာတော်မြတ်အား ကျေးဇူးများစိမ့်သောငှါ၊ သမ္မာသမ္ဗောဓိ သဗ္ဗညု ဘုရားဆုကိုပန်ဆင်တော်မူ၍၊ သက္ကရာဇ် ၆ဂဂ၃။ တပေါင်းလပြည့်ကျော် (၅) ရက်နေ့၌၊ စေတီပေါင်းကိုမြင်ရကား ရွှေထီးအတွင့်တင်၍၊ ပုထိုးနှင့် ကျောင်းတည်ပြီးသော်ကျောင်းနေ သံဃာနှင့်ဘုရားပါပစ္စည်းလေးပါး ဖြစ်စိမ့်သောငှါ လှူသော၊ ဝတ်မိုးဝတ်မြေ ဘုရားအားလှူသော ကျွန်သီးတော်များကို၊ မြဲမြံစွာတည်စိမ့်သောငှါ၊ ကျောက်စာနှင့်ဆင့်၍၊လှူပြန်သတည်း၊

လှူသောမြေကား၊ ကန်တိလိအရပ်၌ လယ်ပေါင်း(၆၅)ပဲ ဘုရားကျွန်ခေါင်ပြုခေါင်ညှိတသားတမြေး၊ဆန်း(၁)တည်(၁) စသည်ဘည်း၊ ဤသို့မှတ်သားပိုင်းခြားလျက်ရှိသော ဝတ္ထုကံ မိုးမြေ ကျွန်သီးတော်များသည် ဒသဘာဂဖြစ်သော မြေဆီမြေခွန်တို့ဖြင့် သာသနာတော်မြတ်အား ကျေးဇူးများစွာတည်ပစေဟု၍ သမ္မာသမ္ဗောဓိသဗ္ဗညုဆုကို ပန်ဆင်တော်မူလျက် သက္ကရာဇ် ၁၁၄၇-ခုသီတင်းကျွတ်လပြည့်ကျော်(၉) ရက်၊ ၅ တေးနေ့နံနက် ၄ ချက်တီးကျော် ၃ နာရီတပါဒ် ဂဗီဇနာ ပြန်ပြည့်ခရာပြည့်တွင် အမရပူရရွှေမြို့တော်ကြီးတည် ရွှေနန်းသခင်ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်ဘဝရှင်မင်းတရားကြီးဘုရား ရွှေကရားနှင့်ရေစက်သွန်း၍ ကျောက်စာမှော်ကွန်းအသစ်ထုလျက် ဆင့်၍လှူဒါန်းတော်မူပြန်သတည်း၊

၎င်းရွှေကြက်ကျတောင်တော်ပေါ်တွင် ရသေ့ သိကြားနဂါး ဇော်ဂျီတို့တည်ထားခဲ့သော ရှင်ပင်နဂါ့အုံစေတီတဆူရှိလေသည်၊ ၊

ကောက်ချက်မှတ်သားရန်။ ပေါရာဏစကားများ။

၁။ ကံတိလိဆိုသည်မှာအောင်ပင်လယ်ကိုဆိုသည်၊

၂။ ထန်းဆိုသည်မှာ ဈေးကိုဆိုသည်၊

၃။ တည်ဆိုသည်မှာ ကျူးတို့ကိုဆိုသည်၊

နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။

သက္ကရာဇ်၊ ၁၂၁၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၅)ရက်နေ့၊ အမရပူရမြို့နန်းကို စတုတ္ထစံမြန်းတော်မူသော၊ ပုဂံဘုရင်၏ မယ်တော်ကြီးဘုရား၊ သီရိပဝရတိလောကရတနာမင်္ဂလာဒေဝီ တည်ထားရေးမှတ်ခိုက်ထုခဲ့သော၊ ရွှေကြက်ယက်စေတီတော်၏အရှေ့မြောက်ဘက်တနင်္ဂနွေဒေါင့်ရှိကျောက်စာကိုရေးကူးတော်ပြသည်မှာတဘက်ပါအတိုင်း ဖြစ်လေသတည်း၊

# ရွှေကြက်ယက် ဘုရား ကျောက်စာ။

နိယျာနိကံ၊ နိဗ္ဗုတိကံ၊ နိစ္စံဝန္ဒေ နိရာဂဏံ၊
နိသေပိတံ၊ နိဝါနဉ္စ၊ နိဘဉ္ဇဂဏံ၊ နိရင်္ဂဏံ
(တြာဂါထာ၊)

နာနာရဉ္စအဘိန္နဘော၊ မန္တာတုဝသသိရိကံ၊
ပဇ္ဇရက္ခတုနေသာရဇာ၊ ဓမ္မနရဉ္စဝါသိတံ၊
(ပထျာဝတ္တဂါထာ၊)

နိယျာနိကံ၊ ဝဋ်ဆင်းရဲ ထွက်မြောက် ခြင်းကို ပြုတော်မူတတ်ထသော၊ နိဗ္ဗုတိကံ သန္တာလေးပါးတရားကို ထိုးထွင်း၍သိတော်မူပြီးသော မြတ်စွာဘုရားကိုအဘုံ၊ အကျွန်ုပ်သည်နိစ္စံအမြဲ။ ဝန္ဒေ၊ ရှိခိုးပါ၏၊ နိရာဂဏံ၊ ရာဂကင်းခြင်းကိုပြုတတ်

ထသော၊ နိသေဝိတံ၊ မြတ်စွာဘုရားသည်၊ မပြတ်မှီဝဲအပ်ထ
သောနိဝါနဿမဂ်ဖိုလ်၏ အာရုံဖြစ်သော၊ နိဗ္ဗာန်တရားတော်ကို
လည်းကောင်း၊ နိဘျံ၊ ဘေးမရှိထသော၊ နိရင်္ဂဏံ၊ ကိလေသာ
မရှိထသော၊ ဂဏာဿ၊ သံဃာတော်ကိုလည်း ကောင်း၊ နိစ္စံ၊
အမြဲ၊ ဝန္ဒေ၊ ရှိခိုးပါ၏၊

နာနာရဋ္ဌအဘိနတော၊ အထူးထူးသောတိုင်းကြီးပြည်ကြီး
တို့၏ခညွတ်ရာ၊ မဟာအမရဿပြည်ကြီး၌၊ သသိရိကံ၊ ဘုန်း
ပညာရှိသော၊ မန္ဒါတုဝ။ မန္တာဝတီစကြာ၊ မဟာသုဒဿနမင်းကဲ့
သို့၊ နေသအမှာကံ၊ ငါတို့၏၊ ရာဇာ၊ ရေမြေသနင်းဘဝရှင်မင်း
တရားသည်၊ ရဋ္ဌဝါသိကံ၊ တိုင်းနေပြည်သူဖြစ်သော၊ ပဇံ၊
သဗ္ဗဝါကို၊ ဓမ္မေန၊ မင်းတို့ကျင့်ရာတရားဖြင့်၊ ရက္ခတု၊
စောင့်တော်မူစေသတည်း၊

အသင်္ချေ၊ လွန်လေကမ္ဘာ၊ ကပ်များစွာတွင်၊ ဗုဒ္ဓါသုဝ၊
ငါးဆအထွင့်၊ ကမ္ဘာမြတ်ထက်၊ နေနတ်စဉ်လာ၊ မဟာသမ
တ၊ ဝရမန္ဓာတု၊ နွယ်ဖြစ်ရှစ်သောင်းနှစ်ထောင်၊ ရန်ဘောင်
ပယ်နှိပ်၊ တကျိပ်နှစ်ယောက်၊ မင်းမြောက်နှင်နှင်၊ သာကီဝင်
တို့၏၊ ဦးဖွန်းအဖျား၊ တရားဓမ္မရာဇာဖြစ်တော်မူသောသဗ္ဗညု
ဘုရားသည်၊ ။သံသာရသာဂရ၊ သြဃလေးမြစ်၊ မွန်းကျ
နစ်သော၊ သတ္တဝါအနန္တ၊ ဝေနေယျတို့အား၊ သနားမေတ္တာ
ကရုဏာညာဏ်၊ ဝေဘန်ပြဋ္ဌာန်းတော်မူ၍၊ အသင်္ခတအာဘယ
မည်တင်၊ ဘေးမဲ့လွင်သို့ကယ်တင်ဆယ်ယူပို့တော်မူလိုသော
မနောအဓိဋ္ဌာန်သန်တော်မူလတ်သကား၊ ။

ဒိပင်္ကရာခြေတော်ရင်း၌၊ နိယတဗျာဒိတ်၊ ဘိသိက်မင်္ဂလာ
ရှစ်ဖြာခိုင်လှန်း၊ အောင်ပန်းထိပ်ပြင်၊ ပန်ဆင်တော်မူပြီး၊ ။

တိဏ္ဏောတာရေယျံ၊ မုတ္တောမောစေယျံ၊ ဗုဒ္ဓေါ ဗောဓေယျံ၊ ဝန်ခံကြိမ်းပ၊ မြွက်ဟသုံးခွန်း၊ မိန့်ညွှန်းမှုအပ်သော စကားတော်နှင့်အညီ၊ လေးသင်္ချေနှင့်ကမ္ဘာတသိန်း၊ ပါရမီတော်ကို ဖြည့်ကျင့်တော်မူသဖြင့်၊ ဘုရားအဖြစ်သို့ရောက်တော်မူလျှင်၊ လေးဆယ်ငါးဝါ ကာလ အညာတ ကောဏ္ဍည အစ၊ သုဘဒ္ဒအဆုံး၊ ပေါင်းရုံး ပရိသတ် လူနတ် ဗြဟ္မာ၊ သတ္တဝါတို့အား၊ တရားအမြိုက်တိုက်တော်မူ၍၊ နောင်ဘန်မြင့်ကြွ၊ ဝါလွန်ခါ၌၊ ဝေမာရပ်ဌာန်၊ နေရဗာန်သို့၊ လမ်းမှန်ထုပ်ချောက်၊ အစဉ်တလျှောက်–ငါ့နောက်မသွေ လိုက်ပါစေဟု၊ နှစ်ရေပိုင်းခြား၊ ထားတော်မူပြီး၊ ပရိနိဗ္ဗာန် စံတော်မူသည့်နောက်၊ သာသနာတော် ၂၃၈၀၊ ကလိယုတ်သက္ကရာဇ် နှစ်နှင့်တချိန်၊ ကောဝိန်ကောဇာ၊ အသာသင့်လျှော်၊ ထိုခါ၌သော်ဘည်း၊ မဟာသမတ၊ အာဒိစ္စမျိုး၊ ဘေးဘိုးဘုန်းမီး၊ ဘကြီးဘခင်၊ သာကီဝင်တို့၏အရိုက်အရာ၊ ဇမ္ဗူဒီပါသင်းကျစ် ဧကရာဇ်တကာ၊ ဦးညွှတ်ရသော၊ မဟာအမရ၊ အာတုလရိပ်ငြိမ်၌ ပြည်ရန်နှိမ်ကို၊ အကြိမ်ခဲ့လေးပါး ရထားစကြာ၊ အလာချိန့်သင့်ပြုဝန်းဘွင့်လျက်၊ လေးဆင့်ပြဟ္မဝိုရ်၊ ဖြူညှိနှောနှိမ်း၊ ကြာတောကြီး၌၊ ရာဇဓဝံ ရာဇိမာယာ၊ သဒ္ဓါသီလ၊ သင်္ဂဟအပရိ ဟာနိယ ပါရမီ၊ တွန်းပြိုင်ချီသော၊ ဗိုဝဖိုးအရံ၊ ကြုံးကြွာသံတို့ဖြင့်၊ အညံမပဲ ဖြစ်၍၊ မြဘ်သော စကြာဝဠာမင်း၏၊ အသရေကို ဆောင်တော်မူသတည်း၊

ထိုအခါ၊ အမရပူရဒုတိယ မြို့နန်း၊ ကြငှန်းစိုက်ထူ၊ အစိုးယူလျက်၊ သယမ္ဘူယာဉ်သား၊ သမုဒ္ဒရာ မဟာနဝဒတ် အိုင်မြတ်သိတာ၊ ရေဂင်္ဂါတို့ဖြင့် မုဒ္ဓါဘိသိက် မထိပ်မရှ့ တင်းတင်းခံသောဝင်းလျှံမဏိ လင်းလင်းညှိမျှသီရိပဝရ တိလောကမဟာ

ရတနာ ပဒုမာဒေဝီ တံဆိပ်နာမံတော်ရှိသော မယ်တော်မိဖုရားခေါင်ဖုရားသည်၊ အသင်္ခမိတ္တာမိဖုရား၊ အနုလဒေဝီမိဖုရားကြီးတို့ကဲ့သို့၊ သာသနာတော်၌၊ မဆုတ်မနစ်ကြည်ညိုတော်မူလတ်၍၊ ၊အသောင်းအသိန်း အကိန်းသင်္ချေ မရေမတွက်နိုင်သောကံကျေးလက္ခ ပရိက္ခဒါတဗ္ဗတို့ဖြင့် ပုထိုးစေတီ သရီမွေ့ပုံစည်းခုံဂူကျောင်း၊တန်ဆောင်းစရပ်အစရှိသော အလှူတော်၊ ကုသိုလ်တော်တို့ဖြင့်၊ ရောင့်ရဲတော်မမူ အေးလောင်းတော် သိရိမြွှာသောကမင်းသည် ဘုရားပရိနိဗ္ဗာန်စံယူတော်မူသည့်နောက် သာသနာတော် ၁၂၈ ခုနှစ်၊ရှင်မဟာမောဂ္ဂလိပုတ္တ တိဿထေရ်မြတ်နှင့် မန္တာဂိရိတောင်ထိပ်ဝယ် ကြက်မင်းဖြစ်၍၊ မွေ့လျှော်ဘူးသည်ကိုအစွဲပြုသဖြင့်၊ ဓါတ်တော်မွေတော်တို့ကို ဌာပနာ၍ စေတီတော်ကိုလက်မွန်အစ တည်လုပ်သည်၊ ၊ထိုနောက်၊သာသနာတော် ၁၅၆၃၊ ကောဇာသက္ကရာဇ်၊ ၄၁၁ခုရောက်သောအခါ အရိမဒ္ဒနာ ပေါက္ကာရာမပြည်ကြီးကို အစိုးရသော အနော်ရထာမင်းကြီး ထပ်မံ တည်လုပ်တော်မူသည်၊

ထိုနောက်၊သာသနာတော် ၁၇၂၉၊ ကောဇာသက္ကရာဇ်၊ ၅၄၇ ခုရောက်သောအခါ၊နရပတိစည်သူမင်းကြီးထပ်မံတည်လုပ်တော်မူသတည်း၊ ၊ထိုနောက်၊ သာသနာတော်၁၈၇၀၊ ကောဇာသက္ကရာဇ်၆၈၈ခုရောက်သောအခါဇေယျာပူရပြည်ကြီးကို အစိုးရသော တရဖျားမင်းကြီး၊မယ်တော်မိဖုရားထပ်မံတည်လုပ်သည်၊ထိုနောက် သာသနာတော် ၁၉၁၃၊ ကောဇာသက္ကရာဇ်၇၁၃ခု၊ရတနာပူရ အဝရွှေပြည်ကိုအစိုးရသော မင်းကြီးဗွာစော်ကဲထပ်မံတည်လုပ်သည်၊ ၊ထိုနောက်သာ

သနာတော် ၂၃၀၇၊ကောဇာသက္ကရာဇ် ၁၁၂၅ခု၊ရတနာပူရ တတိယမြို့တည်၊ ဘိုးတော်ဆင်ဖြူရှင် မင်းတရားကြီးဘုရား ထပ်မံတည်လုပ်တော်မူသည်၊ ၊ထိုနောက် သာသနာတော် ၂၃၄၅၊ ကောဇာသက္ကရာဇ် ၁၁၇၃ခု၊ အမရပူရ ပဥ္စမမြို့ တည် ဘိုးတော်မြတ်ရင်း မင်းတရားကြီးဘုရား၏ သားတော် ကြီးသိရိမဟာဓမ္မာဘိဇယ သီဟသူရ တံဆိပ်နာမတော်ရှိ သောအိမ်ရှေ့ဘုရားထပ်မံတည်လုပ်တော်မူသည်၊ထိုနောက် သာသနာတော် ၂၃၆၆၊ ကောဇာသက္ကရာဇ် ၁၁၈၄ခု၊ရတ နာပူရ စတုတ္ထမြို့တည် မင်းတရားကြီး ထပ်မံတည်လုပ်တော် မူသည်၊ ၊ဤသို့လျှင်၊ အဆင့်ဆင့်ရှစ်ဌာနတိုင် ကိုးကွယ် သော စေတီတော်သည်၊ ကာလရှည်မြင့်သဖြင့် မန္ဒာဂဝိရိ တောင်နှင့်တကွ ပြိုပျက်တိမ်းယိမ်းလေသည်ကို ငွေတော် အကိန်းသပြာ ၈၃၀၀ကျော်ထုတ်တော်မူပြီး ၊ စာရေးကြီးမ ဟာမင်းကျော် မင်းထင် မှူးကြီးကြပ်မ အတိဥဿာဟရိုးရင်း ရသောအားဖြင့် အသစ်ပြင်ဆင်တည်လုပ်ရ၊ ဌာပနာတော်အ ခဲကား၊ ၊ဓါတ်တော်ဆူရေ ၉၈၁၊ရွှေဆင်းထုဆူရေ ၈၊ ငွေဆင်းထုဆူရေ ၆၇၄၊ ဖလ်ဆင်းထုဆူရေ ၁၊ ပယင်းဆင်း ထုဆူရေ ၁၊ ကြေးဆင်းထုဆူရေ ၃၉၊ ခဲဆင်းထုဆူရေ ၁၀၀၀၊ အဋ္ဌဂ္ဂ ကျောက်ဆင်းထုဆူရေ ၆၊ ကျောက်ဖြူ ဆင်းထုဆူရေ ၃၀၊ သစ်ဆင်းထုဆူရေ ၆၊ ရှင်သီဝလိဆင်း ထုဆူရေ ၁၊ ရှင်ဥပဂုတ်ဆင်းထုဆူရေ ၁၊ များကိုဌာပနာ မှု ပြုတော်မူသတည်း၊

ရှိရင်းစေတီတော်ဟောင်း ရင်ပြင်တော် ပြိုပျက်ကျဉ်း မြောင်းလေသည်ကို အသစ်ထပ်ဆင့် အသင့်အတင့်၊၆ တောင်

ဘွင့်၍ မြေမှသည် တောင်ထိပ်ထိ၊ သာရွတ်အင်္ဂတေမွမ်းမံစေ ပြီး သာသနာတော် ၂၃၉၀၊ ကောဇာသက္ကရာဇ် ၁၂၀၈ခု၊ တပို့တွဲလအထွက်ခုနစ်ရက်တနင်္ဂနွေနေ့၊ ကောင်းမြတ်သော အခါတော်နိုက် တည်လုပ်စေသည်ကား၊ ဘိနပ်အချင်း ၃၄ တောင်၊ အရပ်ချားသိကုန့်၊ ဗုဓပေါင်း၊ ၅၄ တောင်တမိုက်၊ ကြေးချားသီးအချင်း ၂ တောင် ဒိ၊ အရပ် ၃ တောင်၊ ကြေးချိန် ၂၈၉၅ပိ၊ ကြေးစသောင်း ပန်းဘောင် ဆည်းလည်းကြေးချိန် ၃၇၁ပိ၊ နှစ်ခုကြေးချိန် ၃၂၆၆ပိ၊ သံထီးအချင်းနှစ်တောင်တ မိုက်လေးသစ်၊ ရွှေပိန်းအရပ်ငှက်မြတ်နားထီး ၉ တောင်၊ ငှက်မြတ်နားရွှေသား၊ ပတ္တမြားစီ ၁၊ အချိန်ရွှေနီ ၁ပိ၊ စေတီရံ ထီး ၄၊ မြို့တာထီး ၈၊ အာရုံခံစေတီထီး ၁၊ ရွှေပိန်းမနုသထီး ဟာလေးများနှင့် မဟာရံတံတိုင်း လေးမျက်နှာ၊ အရပ်ရပ်စေ တီတော်ထက်ဝန်းကျင်၊ ပြိုပျက်သည်ကို ပြင်ဆင်လုပ်ဆောင် ရာ ကုန်ဝင်သည့်အခ္ဍရေပုဒပေါင်း ၆၆၁၅၆၇၊ ဤသို့ ဌာဝ ရဝဏ္ဏ ပြုဘွယ်ကိစ္စကုန်ပြည့်စုံစေ၍၊ စေတီတော်ကို နဝရတ် ဘုံကြီး ရွှေထီးအထွဋ်တင်တော်မူသတည်း။

ထိုမှတပါး၊ မှူးတော်မတ်တော် ဆွေကျွန် မျိုးကျွန်၊ ဝန်စာ ရေးကြီး သင်းသီးပတ်ချုပ် စုအုပ် စုသိမ်းတို့လည်း၊ နိဗ္ဗာန် မြေခိုင် မတိုင်သမျှ ဘဝများစွာ သံသရာ၌၊ မကွာမကွေ စက် ရွှေတော်ရိပ် ဦးထိပ်ရွက်တင်၊ ပန်ဆင်လိုသော၊ မနောပဏိဓိ ရှိသောအားဖြင့်၊ ရွှေဘုန်းတော်မြတ်ကို ခိုလှုံအပ်သော၊ ပရှည်း ဓမ္မိယာ မြတ်ညွှာတို့ကို၊ စေတနာသန့်သန့် လွှတ်လွှတ်စွန့် လျှောက် အသျှင်ဘဝရှင် မင်းတရားကြီးဘုရား၊ မယ်တော် အသျှင်မိဖုရားခေါင်ကြီး၊ ဘုရားတို့အား၊ ကုသိုလ်တရား၊ မိုးများ

ထပ်ဆင့် မြင့်တော်မူစေခြင်းငှာ၊ အသီးသီး တည်ထားဆောက်လုပ်ကြသည်ကား၊ ။စေတီတော် မြောက်မျက်နှာ အာရုဏ်ခံလည်ပေါ်စရပ် ယွန်း ၆ ဆင့် ရွှေပိန်းလိုက်တွင်း ဆင်းတုတော်မှန်တန်းဆာဆောင်း ရွှေပိန်းဘုရား မယ်တော်ဘုရားဝန် သတိုးမင်းကြီး၊ မဟာမင်းလှမင်း၊ တင်ဆောက်လုပ်သည်၊ ၎င်းအရှေ့မျက်နှာ အာရုဏ်ခံ တန်ဆောင်းလေးထပ် မုခ်လေးမျက်နှာ၊ အတွင်းမှန်ချယ်၊ အောက်မားဝန်၊ အတွင်းဝန်၊ မေရဥ္စယမြို့စားသတိုးမင်းကြီး၊ မဟာမှုင်းခေါင်၊ မင်းထင်ဆောက်လုပ်သည်၊ ။၎င်းလိုက်အတွင်း၊ မှန်တန်းဆာဆောင်း ရုပ်ပွားတော် ရွှေပိန်း စာရေးကြီး မဟာမင်းကျော် ရာဇာတည်ထားလုပ်ဆောင်သည်၊ ။တောင်မျက်နှာ၊ အာရုဏ်ခံလည်ပေါ်စရပ် ယွန်း ၆ ဆင့် ရွှေပိန်း လိုက်အတွင်း ရုပ်ပွားတော်မှန်တန်းဆာဆောင်း ပလ္လင်မှန်ချယ် ရွှေပိန်း စာရေးကြီး၊ မဟာမင်းကျော်မင်းထင်၊ တည်ထားဆောက်လုပ်သည်၊ ။

အနောက်မျက်နှာ၊ အာရုဏ်ခံစရပ် ယွန်း ၆ ဆင့် ရွှေပိန်းလိုက်တွင်း ရုပ်ပွားတော်မှန်တန်းဆာဆောင်၊ ရွှေပိန်း ပြည့်ရွှေတောင်မြို့ဝန်၊ သတိုးမင်းကြီး၊ မဟာမင်းလှမင်းခေါင်ကျော်ဆောက်လုပ်သည်၊ ။ကြက်မောင်နှစ်မ အရုပ် ရွှေပိန်းချလုပ်၍ထားရန် အခွင့်ပြုသာဒ် အနောက်ဝန်ဝေါ်ကြီးမှူး မင်းကြီးမဟာမင်းလှသူရိန် တည်လုပ်သည်၊ ။ထိုမှတပါး၊ ဘောင်ပေါ်မဟာရံအတွင်း အရှေ့တောင်ထောင့်တွင် စာရေးကြီး မဟာမင်းလှမင်းထင်ကျော်က၊ တည်ထားဆောက်လုပ်သည့်၊ စေတီတော်ချရားသီး၊ မုခ်ပလ္လင် မှန်စီကျောက်ဆင်းတုတော် တန်ဆောင်းသုံးထပ်မှန်စီရွှေပိန်း၊ ။စာရေးကြီး မဟာမင်းထင်သီ

ဟာသူက အနောက်တောင်ဒေါင့်၊ ဘုရားနှင့်၊ တန်ဆောင်းလေး
ထပ် မုခ်သုံးမျက်နှာမှန်စီရွှေပိန်း၊ ။ဘဏ္ဍာစိုး၊ မဟာမင်းလှ
မင်းထင်က အရှေ့မျက်နှာ တောင်လတ် စောင်းတန်းမြောက်
ဘက်ကုသိုလ်တော်ဥမင်ဂူ မုဋ္ဌောအတွင်းဆွရပ်တော်ဘုရား
ဦးစရပ် အသီးသီးတည်လုပ်သည်၊ ။အရှေ့မျက်နှာ၊ တာဝ
တိံသာ ပဏ္ဍုကမ္ဗလာနဂိရ် တောင်မြင်းမိုရ်မှ သက်သသို့
တက်ကြွတော်မူရန်၊ သိကြားဘန်သော၊ မဟာသုဒဿန၊နတ်
လမ်းမနှင့်တူသော စောင်းတန်းကိုလည်း၊ တံဆိပ်စားမင်းသွီး
ကတည်လုပ်သည်၊ ဘုရားမြောက်စောင်းတန်း အရှေ့ဘက်
တောင်ခါပန်းတွင်၊ ဆင်ဝန်မိုးတားမြို့စား၊ သတိုးမင်းကြီး မ
ဟာမင်းလှမင်းထင်က သုံးထပ်ကျောင်း၊ ရှေ့ဆောင်တောင်
ယွန်း ၂ ဆင့်ပါဆောက်လုပ်သည်၊ ။ဤသို့လျှင်၊ ရထားစီး
ခြင်းမင်းတကာတို့၏၊သခင် ရာဇဂုရုမယထာဘူတ ဂုဏဝိသေ
သ ပညာဘိဓေ ပြအပ်သော အောင်တံခွန်ရှိတော်မူသော၊အ
မရပူရ စတုဗ္ဗသိရိ ရွှန်းရွှန်းညီသော ဆဒ္ဒန်ဆင်မင်းသခင်
ရေမြေသခင် အသျှင် ဘဝရှင်မင်းတရားကြီး၏ မယ်တော်
တောင်နန်းညာတင် အသျှင်မိဖုရားခေါင်ကြီးဘုရားသည်၊ သု
နာပရန္တတမ္ဗဒီပ တိုင်းမဦးစွန်းအဘက်ကျွန်းသော မန္တာဂိရိ
တောင်ထိပ်၌၊ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့အား၊ အကျိုး
စီးပွား များစေငှာဘည်သည်မှ၊ ရှစ်ကြိမ်မျှောက် ပျက်စီးယို
ယွင်းလေသည်ကို၊ ဘေးလောင်း၊ ဘိုးလောင်း၊ မင်းကောင်း၊
ဓမ္မရာဇ်တို့ ပြင်ဆင်တည်လုပ်သည့်နောက် ၉ ကြိမ်မြောက်အ
ခါ မန္တာဂိရိတောင်နှင့်တကွစေတီတော်ပြိုပျက် ယိုယွင်းရှိ
သည်ကို မှူးတော်မတ်တော် ကျွန်တော်မျိုး အပေါင်းနှင့်တကွ

သိကြွားနေရာ၊ တာဝတိံသာဘုံဆင့်၊ ဗိမာန်ဖြင့်သကဲ့သို့ အသန်းအသိန်း အကိန်းကုဋေ လနေမိုးသျှံ မစံထွန်းဝင်း ညီးညီးလင်းသော၊ စေတီတော်မြတ်ကို၊ ဆိုအပ်ခဲ့ပြီးသော ပုရိကမ္မဝတ္ထုတို့ဖြင့်၊ ကုန်ပြည့်စုံစေပြီး။ ။ကောဇာသက္ကရာဇ် ၁၂၁၁ ခု၊ တပို့တွဲလပြည့်ကျော် (၅) ရက်နေ့၊ စေတီတော်သို့၊ တွက်တော်မူ၍၊ မယ်တော်အသျှင်မိဖုရားခေါင်ကြီးဘုရား။ သီရိပဝရ တိလောကရတနာ မင်္ဂလာဒေဝီ အမည်ဘောင်ရှိသော သမီးတော်ဘုရားသည်၊ တရားလေးညီမွန့်နှစ်သိမ့် စမ္ပါယ်တော်မူလျက်၊ ဘုရားအမှူးရှိသော၊ ဆရာတော် သံဃာတော်တို့အား၊ ဆွမ်းဘောဇဉ် အမြိန်အရသာနှင့်တကွ ပရိက္ခရာရှစ်ပါး အဦးထားသဖြင့် ဒေယျာဓမ္မဒါတဗ္ဗလှူဘွယ် တောင်ငယ်ရှိလောက်၊ မြှူးမောက်ထပ်ပဒုံ ပုံလတ်ပြီး၍၊ အနုမောဒနာသဘင်ယင်တော်မူသည်။ ။သာသနာတော်၊ ၅၀၀၀ ပတ်လုံး မဆုံးမပျက် ရွှေကြက်ယက်စေတီတော်ကို အမွန်ရှည်စွာတည်စိမ့်သောငှာ ဤကျောက်စာသံပိုင်းကို လောကလက္ခဏာအင်္ဂါခြောက်ပါးနှင့်ပြည့်စုံသော၊ တံဆိပ်ဝန်မင်းလှရာဇကျော်ထင်ကိုထိုးစေသတည်း။ ။

မင်္ဂလာနေခြည်တွန်းလျှံလည်သား၊ ရွှေပြည်အမရ၊ သည်မွှာနဝယ်၊ စတုဗ္ဗမှန်ပျ မန္တာတုသို့၊ သမုတိဖျားမင်းတရားဖေါ်၊ ပဏ္ဏမြားဥက္ကဋ္ဌ၊ မယ်တောင်မြတ်လျှင်၊ ဝင့်သံသရာလွတ်စေငှါဖြင့်၊ မြင့်ကြာရှည်လျှား၊ တို့ဘုရားမူ၊ မျိုးခြားတဇစ် ကြွက်မင်းဖြစ်၍၊ နှစ်ဆစ်ရှည်ကြူး ပျော်ခဲ့ဘူးသား၊ ဖြူးဖြူးမြင့်စွာ ဆင့်ဆင့်သာသည့်၊ မန္တာဂီရိ၊ မည်ရှိအခေါင်၊ ကြွက်ယက်တောင်ထက်၊ ဘုန်းရောင်တောက်ပ၊ အသောကလျှင်၊ အစတည်

၍၊ ရှစ်ကြိမ်စေ့ထွင်၊ ဓါတ်မွေ့မှီရာ၊ စေတီသာနှင့်၊ ဘယ်ညာ ရှေ့နောက်၊ ကြွေ့ကြွေ့ရောက်သည်၊ တောင်မြောက်ပြိုပျက် ကိုးကြိမ်ဆက်သား၊ သေလက္ခရာနန်းစဉ်စာကို၊ မဟာမင်း ထင်၊ မည့်တွင်စည်သူ၊ ဝေဘူတောင်ထိပ်၊ ကျောက်ရောင်ရိပ် သို့၊ တံဆိပ်ခြားပိုင်း၊ ချိုးဖွဲ့လှိုင်းသည်၊ သံပိုင်းကျောက်စာ နိဒါန်းတည်း။ ။

ရွှေကြက်ယက် မန္တာဂီရိတောင်၏ စနေဒေါင့်ရှိ တောင်ပြိုသည့်နေရာ
**ရွှေကြက်ယက် တောင်ပြင်သည့်အကြောင်း-ကျောက်စာ။**

---

နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။

ကုက္ကုဋရာဇကာလမှိ၊ သတ္တာနောဆုဝဝါသတိ၊
မန္တာဂိရိတိသညာတေ၊ ဂင်္ဂါတီရေသုဒဿနေ၊
စိရံဌာတုမဟာသေလော၊ စေတီယဝါပဟုဝါရကော၊
ဝန္ဒာမသိရသာမယံ၊ နိစ္စံစေတီယပဗ္ဗတံ။ ။

(ပထု၂၁ဝတ္တဂါထာ။)

နော၊ ငါတို့၏၊ သတ္တာ၊ လူနတ်ဗြဟ္မာသတ္တဝါတို့အား၊ ချမ်းသာသုံးပါးခံစားရကြောင်း၊ ကောင်းစွာမပြတ်၊ ဆုံးမတော်မူပေတတ်သော မြတ်စွာဘုရားသခင်သည်၊ ကုက္ကုဋရာဇကာလမှိ၊ ပါရမီမကျက်နုစဉ်လျက်ဝယ်၊ ကြက်မင်းမောင်နှစ်မဖြစ်တော်မူသောအခါ၌၊ ဂင်္ဂါတီရေ၊ ဧရာဝတီနဒီရှေ့ဘက်ယက်ဘသဲ သဲကြလဲရစ်ကျော့ဝဲကတော့နှင့်စွယ်မောမြရိပ်မြစ်ကမ်းထိပ်၌၊ သုဒဿနေ၊ စစ်ကိုင်းကမျှော်ထင်ပေါ်ထွန်းဝအောင်းဝကဖူး မြောက်စူးစူးဝယ်အထူးဘင့်တယ်ရှုမြင်ဘွယ်ကောင်းထသော မန္တာဂီရိတိမန္တာဂီရိတောင်ဟူ၍၊ သညာတေ၊ ကောင်းစွာထင်

ရှားသောဣရုဓပဗ္ဗတော၊ဤရွှေကြက်ယက်တောင်မြတ်၌၊ ဝေ၊စင်စစ်၊အာဝသတိ၊ ခိုထောင်ကြက်ထောင့်အရပ်၌ ကျက်စားကာ ခိုထောင် ကြက်ထောင့်အရပ်၌ ဖျာဝဘိ မြစ်ယံကိုကွန်းပြန်ဘက်ကျလျက် မျှတသောတွေပျော်နေတော်မူဘူးလေပြီ၊ စေတိယ ဓါတုဓါရကော၊ ဓါတုစေတီမွေသရိဓါတ်မြတ်အပေါင်းကိုဆောင်ရာဖြစ်ထသော၊ ယောမဟာသေလော၊မန္တာဂိရိမည်ရှိယခေါင် အကြင်ရွှေကြက်ယက်တောင်သည်။ အဋ္ဌိ၊ ရှိ၏၊ သောမဟာသေလော၊ ထိုတောင်မြတ်သည်၊စိရံ၊ ပါ:ဆောင်သာသနာရှည်ကြာမြင့်သောင်းအောင်၊ဌာတု၊ တည်တော်မူပါစေသတည်း၊ မယံ၊ငါတို့သည်၊တံစေတီယပဗ္ဗတံ၊ရစ်ဝန်းရေညို့ကျွန်းသိဟိုဠ်ဝယ် ရွှန်းစုံတင့်လှ၊ စေတိယဂိရိတရှိနိုင်လတ်ရှိသေပူဇော်ထိုက်သော ထိုတောင်မြတ်ကိုနိစ္စံအမြဲသိရသာ၊ ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်။ဝန္ဒာမ၊ရှိသေမြတ်နိုးရှိခိုးပါကုန်၏

သင်္ချေလေးဖြာ ကမ္ဘာကပ်ပေါင်း တသိန်းသောင်း၌ ကျွန်းဆောင်းအစွန်း၊ကျွန်းခဲ့ဘေပြီး၊အတိ်ရှေးခါသာရမဏ္ဍကမ္ဘာမထက် ဉာဏာဆိမ်း တန်ဆောင်ကြီးကိုညီးညီးထွန်းပြောင်ထူထောင်ပြုရတော်မူတဘ်ရကား၊ ဒိပက်ရာသညာတံဆိပ်တွဲ့တော်နှိပ်လျက်နှစ်ကျိပ်ငါးမြောက်ဘုန်းတော်တောက်သောရွှေမျှောက်မွေ့ရာသောကာဝိပတိမုနိထွန်းပြား၊မြတ်ဘုရားလျှင်ထင်ရှားပွင့်တော်မူသတည်း။

ထိုရောအခါ၊ ငါတို့ဂေါတမ လောကသင်းကျစ် မွေ့ရာဇ်ကား အဘိဇ္ဇွ ဗြဟ္မဏမျိုး အရိုးသန့်စွာ ရတနာရွှေငွေ အနေကကောဋိကြွယ်ပျော်ရှိလျက် သာဂိသခင် ပညာဘွင်လည်းဗေဒင်သုံးပုံနှင့်တကွဣဋ္ဌိပူရိသလက္ခဏာကြန်အင်္ဂါအတတ်

တဘက်ကမ်းခတ်သဖြင့်၊ ဝေဒဏ္ဍယ ပါရဂူဆရာတဆူဖြစ်တော်မူသော သုမေဓာမည်ရ၊ ဗြဟ္မဏာပုဏ္ဏားဖြစ်၍၊ မွေ့နှစ်ရတနာ ဥဒ္ဒါခန်းနား များစွာသော အသုံး အဆောင်တို့ကို လှူယူစေ ပေးဝေစွန့်ကြဲခဲ့ပြီးလျှင်၊ တောကြီးဆိပ်ညှ ဓမ္မိကတောင်ယံ၌၊ ကေဆံကျစ်ခွေ လျှော်တေ့ဖွဲ့စည်း၊ အရည်းခလေ့ ကျင့်သိမ်မွေ့သော ရသေ့သူမြတ်အဖြစ်ဖြင့် ဈာန်အဘိဉာဏ်၊ တိန့်ယာဉ်ကွန့်ပျံ၊ ချမ်းသာခံလျက် နေတော်မူစဉ် သဗ္ဗညုတ၊ တိလောကာသခင်၊ ဒီပင်္ကရာ စောမြတ်စွာလည်း ဒေသစာရီ ချီ၍ကြွယ်ပွမ်း ခရီးလမ်းတွင်၊ ရွှံ့ညွှန်ပြင်ထက် အချင်သုမေဓာ၊ သဒ္ဒါဇောပြတ်၊ ရသေ့မြတ်ကား။ အလျားမှောက်ခံ၊ လက်စုံဦးတင်၊ ညွှန်ပြင်ပြတ်စပ် လျှောင်းကာဝပ်လျက် သဗ္ဗဉာဏ်တော် ရကြောင်းမျှော်၍၊ ညွှန်ပေါ်စင်းစင်း တံတားခင်းတော်မူသတည်း။ ။

ထိုအခါတွင်၊ ဒီပင်္ကရာမြတ်စွာဘုရား လူထွင့်တားလျှင် ရသေ့ရှင်၏ ဆံကျင်ဦးထိပ်၌ စက်ရိပ်တန့်နား ဗျာဒိတ်ထားတော်မူသည်မှာ မဟာပထ ခရီးမတွင် ရွှံ့ ညွှန်ပြင်ထက်ရင်ဖြင့်ဝပ်စင်း တံတားခင်းသော သုမေဓာဟူ ရသေ့ဖြူသည် သာရမဏ္ဍနာမမည်သာ ဤကမ္ဘာမှ အနာဂတ ကာလရှည်လျား ဘုရားငါးဆူ ပွင့်တော်မူမည့်၊ ပရဘူပဝရာ မဟာဘဒ္ဒမည်သော၊ ကမ္ဘာအထိ စတ္တာရိ အသင်္ချေယျာနှိ ကပ္ပသတသဟဿာနိ၊ ဝါဋ္ဋိမိန့်ထွေ ဂဏန်းခြေအားဖြင့် သင်္ချေလေးဖြာကမ္ဘာတသိန်း၊ တွက်ကိန်း ပြည့်မြောက်သောအခါ သုံးဖြာလောက ဩဘာပြင်ကျယ်၊ ကယ်တင်ဆယ်၍၊ ငါ့နှယ်ထင်ရှားဘုရားဂေါတမ ဗုဒ္ဓတဆူ ဖြစ်တော်မူလတံ့ ဟုသင်းကြူအွေ

နှုတ်မိန့်ခွန်းထုတ်လျက်၊ အနုံပ္ပာရ နိယတဗျာဒိတ်တော်မြွက် ဘော်မိန့်ကြားတော်မူသတည်း၊ ဤသို့မိန့်ဟာ နိယတ ဗျာဒိတ် ပန်းကို ဆင်းမြန်းရရှိတော်မူသည်ကစ၍၊ အနူငါးရာ ငါးဆယ် သာလျက် ရင့်မှာတကျိတ်ဟု ဆိုအပ်သော၊ အဖြစ်တော်တို့၌ တိုင်းကျိုးပြည်ကျိုး၊ အဆွေအမျိုး၊ ဘုရားဖြစ်ကျိုး၊ သည်ပိုး ကျင့်ကြံတော်မူခြင်း၊ စရိယသုံးဖြာ၊ ဥဗ္ဗာခန်းနား၊ ပြည်တိုင်း ကားနှင့် သားမယားမမက် နားမျက်လုံ အင်္ဂါ၊ အာယုအသက် မငဲ့ ကွက်ဘဲ ရက်ရောစွာစွန့်လှူခြင်း၊ ပဉ္စမဟာပရိစာဂ အ လှူသိတင်း တောထွက်ခြင်းနှင့်၊ ထိုးတွင်းပညာ၊ ဝိရိယာအဓိ သည်းခံချိလျက်၊ တိတိဖြောင့်မှန်၊ အဓိဋ္ဌာန်ညီစွာ၊ မေတ္တာ လည်းပြု၊ လျစ်လျူမှုဟုဆိုအပ်သော၊ မုဒုမဏ္ဍိမ ဥက္ကဋ္ဌအား သုံးထွေပြားလျက် ဆယ်ပါးသုံးလီ တက်ပွားညီသော ပါရမီ သာမည၊ ဥပပါရမီ ပရမတ္ထပါရမီ ဟူသောပါရမီတော်၊ ဤ သို့များစွာ သမ္ဗာသမ္ဗောဓိ ပရိပါစက သမ္ဘာရတို့ကို ကိုယ်စိတ် နှစ်ပါး၊ ယိုရှားပင်ပမ်း ကုန်ခန်းစလှည့်၊ ဖြည့်ကျင့်ဆည်းပူး တော်မူသဖြင့်၊ ဝေဿန္တရာမင်းအဖြစ်မှ တုသိတာဗွေ သေ တကောတု အလောင်းနတ်သား နှောင်းဖျားပစ္ဆိမ ဘဝအကုန် အမုံချုပ်ဆင့်၊ ပွင့်အံ့တျာတျာဆဲဆဲသာကြီး၊ အချိန့်နီးလတ် သော်၊ တိုင်းသီးသက္က ကပိလဘုန်းဟော့၊ သျှင်ရသေ့နေရာ ဖြစ်၍၊ ကပိလဝတ် မှော်ကွန်းမှတ်သည့်၊ မြတ်သောနေပြည် တော်၌၊ အသမ္ဘိန္န သာကီယမျိုး၊ မင်းရိုးမင်းစစ် ဖြစ်တော်မူ သော ခမည်းတော် သုဒ္ဓေါဒနမင်းကြီး မယ်တော်မာယာဒေဝီ တို့၏၊ ရင်သွေးသြရည် သိဒ္ဓတ်မင်းသားဖြစ်၍၊ နတ်တို့ပြုထွေ ဒေဝတမန်၊ လေးတန်သော သူအိုသူနာ၊ သူသေရဟန်းတို့ကို

မြင်တော်မူရကား၊ ဓမ္မသံဝေဂ ရကြီးရလျက်၊ ယသော်ဓရာ ဗိမ္ဗာကြင်သူ ရာဟုလာရင်သွေး မြို့ကျေးခရိုင် နိုင်ငံကျယ်ဝန်း ရွှေနန်းသုံးဆောင်တို့ကို မနှောင်မတွယ် စွန့်ပယ်မကွက်တော ကြီး ထွက်တော်မူပြီးမှ ဒုက္ကရစရိယာ ခဲယဉ်းစွာကို ခြောက် နှစ်ပတ်လုံး ကျင့်တော်မူ၍၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်တော်နှစ်ပါးတို့၏ ကြည်လင်ရာ မဟာဗောဓိမဏ္ဍိုင်၌ ဒု၊သ၊နိ၊မဂ်၊အနက်ခြောက်များ ဆယ်ခြောက်ပါးသော သစ္စာ တို့ကို၊ အာရုံထင်ထင် သိမြင်တော်မူပြီးလျှင်၊ သုံးခွင်သောဘု ဘဝတို့၌၊အတုလဓိပတိ မုနိပုင်္ဂဝ ဇုတိပုည ဘူရိကျဿရ သမ္မာ သမ္ဗုဒ္ဓဘုရား ထင်ရှားဖြစ်တော်မူသတည်း။

ဘုရားစင်စစ် ဖြစ်တော်မူပြီးမှ၊ နရမတ္တူ၊ နတ်လူများစွာ ဗြဟ္မာမြတ်မြင့် လူသုံးဆင့်တို့အား လေးပွင့်သစ္စာမာလာသိုင် ကြူ ကဏ္ဍရူလှဆန်း၊ နိဗ္ဗာပန်းကို၊ ဦးရန့်ထိပ်ပြင် ပန်ဆင်ကြ စေခြင်းငှာ ပဉ္စတာလီ ခါမိမွေ့လျှော် ဝါတော်လေးဆယ်ငါး ဝါတိုင်တိုင်၊ ဒေသနာ,သာသနာ ကထာသုံးပါး နိကာယ်အား ဖြင့်၊ ငါးလီထင်စွာ အင်္ဂါကိုးမည်၊ တရားစည်ကို၊ ရိုက်မည် ဆော်ယွမ်းတော်မူ၍၊ နှစ်ဆယ်လေးသင်္ချေ၊ ကုဋေခြောက် ဆယ် များကြွယ်တွက်ကိန်း၊ ဗိုလ်တသိန်းတို့ကို၊ ထိန်းသိမ်း သာချမ်း ဘေးဘျမ်းမညို့ မသန်းမှိုသော နိဗ္ဗာန်အောင်မြို့သို့ ဆောင်ပို့ကယ်တင်တော်မူခဲ့ပြီးမှ၊ ဗုဒ္ဓဝမ္မတာ၊ မကြာမှုပျမ်း သက်တန်းရာမှန် တပုံကျန်တွင်၊ နိဗ္ဗာန်ဝင်တော်မူသဘည်း။ လေးဆယ်ငါးဖြာ ဝါတော်ရှည်လှ၊ တည်သမျှကာလပတ်လုံး အာကာသဂင်္ဂါ ရေစဖြာလျက် ဗျာလမ္ဗုဒ္ဓရ တွဲလဲကျသကဲ့ သို့၊ မိန့်ဟာဟောရွတ်တော်မူခဲ့ရာ၊ ဒေသနာတော်သုံးဖြာတွင်

အကြောင်းအားလျော်စွာ၊ ဝေါဟာရအများဖြင့်၊ ဟောကြားတော်မူအပ်သော၊ သုတ္တံဒေသနာတော်၌၊ တိဋ္ဌန္တေ နိဗ္ဗုတော စာပိ၊ သမေ စိတ္တေ သမံ ဖလံ၊ စေတောပဏိဓိဟေတုဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ၊ ။တိဋ္ဌန္တေ စာပိ၊ သက်တော်ထင်ရှားရှိသော၊ မြတ်စွာဘုရား၌လည်းကောင်း၊ နိဗ္ဗုတောစာပိ၊ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော၊ မြတ်စွာဘုရား၌လည်းကောင်း၊ စိတ္တေ၊ ကြည်ညိုသောစိတ်စေတနာသည်၊ သမေ၊ တူမျှသည်ရှိသော်၊ ဖလံ၊ အကျိုးကျေးဇူးသည်၊ သမံ၊ တူမျှသည်၊ ဟောတိ၊ ဖြစ်၏၊ စေတောပဏိဓိဟေတုဟိ စိတ်ကိုဆောက်တည် ကြည်ညိုနိုင်ခြင်းသည့်လျှင်၊ အကြောင်းရင်းရှိသည်၏၊ အဖြစ်တို့ကြောင့်၊ သတ္တာ၊ သတ္တဝါသည်၊ သုဂတိံ ကောင်းသောလူနတ်ဂတိသို့၊ ဂစ္ဆန္တိ၊ လားရလေကုန်၏၊ ။ဤသို့ဟောကြား၊ တရားဒေသနာတော်နှင့်အညီ အချို့အင်တော ရွှေငွေ ကြေးသံ ရောင်လျှံဖြူဝင်း ကျောက်သလင်း စသည်တို့ဖြင့်တည်လုပ်ကိုးကွယ်အပ်သော စေတီဘုရား ရုပ်ပွားဆင်းတုတော်တို့ကို၊ ပူဇော်ကိုးကွယ်ခြင်း စိတ်စေတနာတို့သည်သည်းကောင်း၊ ဓာထင်ရှား ဘုရားမြတ်ကျော် ရုပ်ရှင်တော်ကို ပူဇော်ကိုးကွယ်ခြင်း စိတ်စေတနာတို့သည်လည်းကောင်း၊ ညှဉ့်ရှိညှဉ့်မဲ့ ထူးထွေခဲ့သော်လည်း၊ ကိုးဘွဲ့ဂုဏ်အင်၊ အာရုံထင်မှ နိသင်ပွားဘို့ အကျိုးများမြတ်သည်ဖြစ်ရကား၊ ကိုးပါးသောဂုဏ်ရည်၌၊ ယုံကြည်နှစ်သက်ခြင်း၊ စိတ်စေတနာ၊ တူမျှပါက ပူဇာကာရ အကျိုးများလည်း၊ ခြားနားမထင်၊ အထူးပင်၊ အကျိုးခံစားရကြောင်းနှင့် ဘုန်းခေါင်ရှင်စော ဟောတော်မူသည်ကိုတမျဉ်းလက်သုံးထုံး ဥပဒေပြု၍ သုံးလူ့ထွဋ်ထား ဘုရားသခင်ခေမာ

ခွင်သို့၊ စံဝင်တော်မူသည့်နှစ် သက္ကရာဇ်၊ ခေတ်ဦးပဌမ အစ ဖွာသောကာလ၌ အသျှင်မဟာကဿပ ရဟန္တာမထေရ်မြတ် အမှူးရှိသော၊ အဋ္ဌာတသတ်မင်းကြီးသည်၊ စေဝထီးပဝရမု နိန္ဒ၏ သာရိရိကဓါတ်တော်တို့ကို စေတီဘုရားတည်ထားကိုး ကွယ်တော်မူကြကုန်သည်၊ သာသနာတော်သက္ကရာဇ်၊ တရာ့ တစ်သို့ရောက်လစ်သောအခါ သိရိဓမ္မာသောကမည်သောရသေ့ ပြည်ကြီးတွင် ဘုရင်ဘုန်းခေါင်ဒွတ္တပေါင် မင်းမြတ်လက်ထက် များစွာသောပုထိုးစေတီ မွေသရိဘုရားတို့ကို၊ တည်ထားကိုး ကွယ်တော်မူကုန်သည်၊ ဤကဲ့သို့၊ သာသနာတော်ကို အစဉ်မ ပြတ်ဆင်းသက် စောင့်ရှောက်တော်မူကြကုန်သော သာသနာ့ ဒါယကာ၊ သာသနာတော်ပြု၊ မင်းကောင်းမင်းမြတ်တို့သည် မိမိတို့ထီးနန်းဆောက်ပိုက်ရာ၊ မြို့ရွာခရိုင်၊ နိုင်ငံတော်အတွင်း ၌သာ၊ မြတ်စွာဘုရား၏ကိုယ်ပွား၊ ရုပ်တနု၊ သာရိရိကဓါတ် တော်တို့ကို၊ စေတီဘုရား၊ တည်ထားကိုးကွယ်တော်မူကြ ကုန်သည်။ ။

ထိုမင်းတို့ထက်၊ ဆထက်လွန်ကြူး အထူးဝိသေသ တိရေ ကထူးခြား ကျေးဇူးများ သော တရားမင်းမြတ်မူကား၊ လူနတ် တို့၏ဆရာ စောမြတ်စွာလျှင် မဟာအသင်္ခတ နိဗ္ဗာန်နန်း စံမြန်း တော်မူသည်မှ၊ သာသနာသက္ကရာဇ်၊ အဋ္ဌအက်စဋ္ဌ နှစ်ရာတ ဆယ်ရှစ်နှစ်သို့ ရောက်လတ်သောအခါ ဇမ္ဗူဒီပါလက်ျာကျွန်း လုံး တုတ်ခွန်ကျုံးလျက်၊ မင်းဆုံးဧကရာဇ်၊ ဖြစ်တော်မူသော သိရိဓမ္မာသောကမင်းကြီးသည်၊ ဇမ္ဗူဒီပေ တွက်ရေအပေါင်း ရှစ်သောင်းလေးထောင်မြို့ကုန်အောင်တို့၌ရောင်ခြည်ခြောက် သွယ်၊ တင့်တယ်လျှံပ မွေတော်ဓါတ်တို့ကို လူနတ်ပြဟ္မာကိုး

ကွယ်ရာဖြစ်စေသတည်းဟု အနုသယည်း ရိပ်သွီးပယ်ချ တန်ခိုးပသော ဇာနဒ္ဒဂုတ္တ ရဟန္တာသခင်ကို မှီခိုအားပြုခါ အသပြာငွေ ကုဋေများမြောက်၊ ကိုးဆယ်မြောက်မှု လှူဒါန်းတော်မူ၍ အဆူဆူရေ၊ စေတီတော်ပေါင်း၊ ရှစ်သောင်းလေးထောင် ဆောင်ဆောင်ဝိဟာရ ကျောင်းထိုမျှတို့ကို၊စန်းလဏ္ဍန္ဒ။ သိတဂူကို အသူရိန်နတ်၊ ဘမ်းကြပ်ဆဲအခါ နာဂရိမနှောင်း၊ မြို့ပေါင်းပြို့လျက် နဝင်းချက်ဖြင့် ကန္တက်ရိုက်လှစ် မြေမြစ်ပဌမ ချစေပြီးနောက် သုံးနှစ်မြောက်၌၊ထွန်းတောက်လျှံပတ် လပြသာဒ်ကို နတ်ရာဟုကြမ်း၊ ဘမ်း၍လွှတ်ဆဲအခါ စကြာဝဋ္ဌာသောင်းတိုက်၊ ညောင်းရိုက်ပဲ့တင်၊ ထီးယဉ်လျက်၊ အောင်မြင်ပြီးစီးစေသတည်း။ ထိုလေးထောင်ရှစ်သောင်း၊ စေတီပေါင်းတို့အနက် ဤရွှေကြက်ယက်စေတီတော် အပါအဝင်ဖြစ်သည်မှာ၊ မြတ်စွာဂေါတမ လောကမှန်ကင်း တရားမှင်းသည်၊ နှကင်းပါရမီ မမှီသေးတတ် ကြက်မျိုးဇာတ်၌၊ မြတ်မောင်နှစ်မ ဖြစ်ခဲ့ရသည်အခါ ဧရာဝတီ၊ နဒီနောက်ဘက်၊ ကြက်ထောင့်မည်သောအရပ်၌၊ သပ္ပါယဂေါစရ မှတကျက်စားတော်မူခြင်း ထိုအရပ်မှပျံ၍ မြစ်ယံကမ်းခြေ ရွှေတောင်ဦးမော်၌၊ ရှုမျှော်ဘေးရန် မြတ်ရွှေညာလာ်ဖြင့် တဖန်နားနေတော်မူခြင်း ထိုမှတသုံယမုံ သိတာ မြစ်ဖျောကို၊ သက်စွာပျံသန်း တင့်ဆန်းသာယာ၊ လွန်စွာနှပျို၊ ဝိမ်းဝိုဈောမ်း၊ ဘေးသျှမ်းမလာ၊ ဝိတ်ချရာဖြစ်သော နဂါးရစ်မှည့်သော၊ ရွှေကြက်ကျတောင်မင်း၌၊ သက်ဆင်းကျရောက်တော်မူခြင်း၊ ကမ်းမှိလမ်းမှိညီနောင်ယှဉ်လျက် မန္တာဂီရိမည်သော ရွှေကြက်ယက်ဘောင်ဖျား၌ ကျက်စားရှာဖွေတော်မူခြင်းဖြင့်၊ မှီတင်းစံနေတော်မူရာ ဖြစ်ဘူးလေရကား။

တောင်များသနင်း တောင်မင်းတောင်မြဘ်ဖြစ်၍ အသစ်ပဒ္ဒမ ဉာဏ္ဍာနတွက်၊ သကလဇမ္ဗူ။ ခွန်ယူစီးဘိ၊ သိရိဓမ္မာသောက လောကဘုန်းတောက် စောအွေ့မောက်နှင့် မောဂ္ဂလိပုတ္တတိဿ ဇာနိုဂုတ္တရဟန္တာသခင်တို့၊ တိုင်ပင်ညီညွတ်ပြီးလျှင်၊ အထွဋ် အမြတ်မွေဓါတ်သရီ စေတီဘုရားတည်ထားကိုးကွယ်တော် မူကြသတည်း၊

သာသနာတော်,တထောင်ငါးရာကိုးဆယ်သုံးခုနှစ်၊ သက္ကရာဇ်ကောဇာ၊ ၄၁၁ခုနှစ်သို့၊ ရောက်လစ်သောအခါ အရိမဒ္ဒနာပူရမည်သော၊ ပုဂံပြည်ကြီးရှင်၊ ဘုရင်အနော်ရထာစော လက်ထက်၊ ဉာ်ရွှေကြက်ယက်စေတီတော်မြတ်ကို ထပ်မံပြုပြုရ တော်မူသည်၊ နောက်သက္ကရာဇ်၊ ငါးရာသေးဆယ်ခုနှစ်တွင် ပုဂံပြည်ကြီး၌၊ နေမိးပဘာ၀ ဘုန်းရောင်ပသော၊ နရပတိ စည်သူမင်းတရာကြီးသည် ရေမိးယမကာ ရောင်လျှံထွန်းပြက် ခြောက်ဖရောင်ယှက်သော၊ ရွှေကြက်ယက်စေတီတော်မြတ်ကို ထပ်မံပြုပြုရတည်ထားတော်မူသည်၊ နရပတိစည်သူမင်းကြီး သည်၊ ဒွိမ်ရှေ့နန်းလျှာ၊ ဥပရာဇာအဖြစ်နှင့်နေတော်မူစဉ် နောင်တော်,နရသိင်္ခမင်းမြတ်သည်၊ဒွိမ်ရှေ့မိဖုရား ငါးပါးပြင် လျှာ အဂ္ဂါလှမြတ် သံသေတဇာတ် နတ်နယ်နိူင်းတု ဝေဠုဝတီ မည်သော၊ ခယ်မတော်ကို ရှုမြှော်တိမ်းမတ် ကပ်ငြိသောစိတ် တော်ရှိ၍၊ ရာဇပရိယာယ် အကယ်ထင်ယောင် အဘာန်ဆောင် လျက် ငါ့ဆောင်းချမ်းစစ်မြေပြင်သို့၊ ထွက်စေတော်မူရာ ပုဂံ ရာမနေပြည်တော်သို့၊ အပြန်တွင် ရှင်ပင်ကြက်ယက်တောင် ထက်၊ မြတ်စွာဘုရားသခင်အား၊ ဖူးတော်လှမ်းကပ်တော်မူ သောအခါ မိစ္ဆာဘောက်ပြန်၊ နောင်တော်ရန်ကို အမြန်ဆော

လျှင် ရှောင်တခင်ဖြင့် အောင်မြင်ပြီးစီးပါမှ ယခုလှူသောဖျင်ဖြူ စင်စွာသက်န်းလျာကို၊ မြတ်စွာဘုန်းလူ၊ ခံယူတော်မူစေသ တည်းဟု အဓိဋ္ဌာန်မြတ် စိတ်တော်ညွတ်သော် စောထွန်းရှိနတ် ရှင် ဘုရားသျှင်က ထင်ထင်ပေါ်ပေါ် အဟော်ဝတ ဝမ်းတော် လျှ၍ ခံတော်မူသဖြင့် နရသိခ် နောင်လှဘုန်းမော် ရွှေနန်းပျော် ကို အလိုတော်ပြည့်ဘူးလေသတည်း။

သာသနာတော် ၁၀၇၀။ကောဇာသက္ကရာဇ်၊ ၆၀၀ ခုနှစ်၌ ဇေယျာပူရမည်သော၊ စစ်ကိုင်းပြည်ကြီး၌၊ ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူသော၊ တရဖျားမင်းကြီး၏၊ မယ်တော် နောက်သာသနာတော် ၁၈၁၅ခု၊ကောဇာသက္ကရာဇ် ၇၃၃ခု နှစ်တွင်၊ရတနာပူရ အင်းဝပြည်ကြီးကို အစိုးရတော်မူသော မင်းကြီးစွာစော်ကဲ သာသနာ ၂၃၀၇ခု၊ ကောဇာသက္ကရာဇ် ၁၁၂၅ ခုနှစ်တွင် ရနာပူရတတိယမြို့တည် ဆင်ဖြူ်ပြောင်ကျော် ဆင်ဖြူတော်သခင် ဆင်ဖြူရှင်မင်းတရားကြီး။ နောက်သာသ နာတော် ၂၃၄၅ခု၊ ကောဇာသက္ကရာဇ်၊ ၁၁၇၃ ခုနှစ်တွင် အမရပူရ၊ ပဌမမြို့တည်နန်းတည်၊ ဘိုးတော်မင်းတရားကြီး ဘုရားသားတော် မဟာဥပရာဇာ၊ ထပ်မံတည်ထားပြုရတော် မူသည်၊နောက်သာသနာတော် ၂၃၆၆ခု၊ကောဇာသက္ကရာဇ် ၁၁၈၄ ခုနှစ်တွင်၊ ရတနာပူရ စတုတ္ထနန်းစံ ဘကြီးတော်မင်း တရားကြီး၊ ထပ်မံတည်ထား ပြုရတော်မူသည်မှနောက်၊ ဆဲ့ ခြောက်နှစ်အရတွင်၊ လျှောက်ကြီးစွာ၊ တုံလှုပ်ပျက်ပြား ရှိလတ် ပြန်ရကား၊ သာသနာတော် ၂၃၈၀။ ကောဇာသက္ကရာဇ်၊ ၁၂၀၀ ခုနှစ်နှိက် ဘကြီးတော်မင်းတရား၏၊ မယ်တော်ကြီး သည် ထပ်မံတည်းထားပြုရတော်မူသည်၊ နောက်သာသနာ

တော် ၂၄၄၄ ခု၊ ကောဇာသက္ကရာဇ် ၁၂၆၂ ခုနှစ်တွင် ယခင်
ဆိုခဲ့ပြီးသော၊ ရွှေထီးရွှေနန်းသခင် ဘုရင်မင်းမြတ် အဆက်
ဆက်တို့နှစ်သက်ကြည်ဖြူ ဆောက်လုပ်ပူဇော်မူကြသည့်
ဘုရားတန်ဆောင်း၊ စောင်းတန်းစသော၊ အဆောက်အဦးတို့
သည် ရှည်လျားသမယ ကာလမြင့်ညောင်းသဖြင့်၊ နိမ့်စောင်း
ဆိုးရွား ပျက်ပြားယွင်းယို၊ လဲပြိုမတတ်၊ ရှိလေလတ်ရကား
ဂဏာဝစရိယ ဂဏာပါမောက္ခ ရူပနိကာယ်ကြည်ညိုဘွယ်သော
ဒသနိယဂုဏ်နှင့်တကွ ပရိယတ္တိဝိသာရဒ ဝိနယဓရ မဟာ
ထေရ သာသနာ့တံခွန်ဖြစ်တော်မူသော၊ ရွှေကြက်ယက် ဆယ်
ပြင်ဆရာတော်ဘုရားကြီးကို အမှူးအကြီး ဦးစီးနာယကထား
၍ အာဏာရဟ နာယကဂုဏ်ထူး ပွားလူးပြည့်ရုံသော ရာဇ
ဝတ်ဘက်ဌာနာအုပ် ပင်စင်အငြိမ်းစား၊ ရွှေကြက်ယက်တိုက်
သူကြီးမင်း ဦးအောင်ကြီး နှင့်တကွ ရွှေကြက်ယက်ရွှေကြက်
ကျဘုရား ဘဏ္ဍာတော်ထိန်းလူကြီးများ၊ အစိုးရလက်မှတ်ရ
ကျောင်းဆရာကြီးများမှစ၍၊ ဂေါစရဂါမ်ရွာ၊နေ ဂုဏ်အာသ
ရေရှိ သမာဓိလူကြီးလူကောင်းအပေါင်းတို့က အားထက်အင်
ကြီး စီးစီးဝါးဝါး ကြေးအားငွေအား ကိုယ်အားမကျန် ဆော်
ဘန်တိုက်တွန်းခြင်း၊ သတင်းစာ ကြော်ငြာစာ ရိုက်နှိပ်ကမ်း
လှမ်း ကြိုးပမ်းစွာ နှိုးဆော်ကောက်ခံလျက် အောက်ထက်နိုင်
ငံ မြို့ရွာကျေးလက်တို့ ထက်သန်သောစေတနာနှင့် လာရောက်
လှူဒါန်းကြခြင်း၊ ယင်းသည့်အလှူငွေတို့ဖြင့်၊ ဘုံရွှေဆင့်ဆင့်
နိမ့်မြင့်တင့်ဆန်း ရှုမခန်းမှ စောင်းတန်းတန်ဆောင်း၊ကျောင်း
တော် အရပ်ရပ်တို့သည်။ ပြီးမြောက်အောင်မြင်ခြင်းသို့ရောက်
ခဲ့လေသတည်း၊ ။

နောက်သာသနာတော် ၂၄၆၁၊ ကောဇာသက္ကရာဇ်၊ ၁၂၇၉ ခု၊ ဥတုဝသန္တသီတင်းကျွတ်လပြည့်ကျော်(၈)ရက်နေ့တွင် ရပ်ခွင်ရှစ်မျက်နှာ ချိမ့်ချိမ့်ငြာပြီး၊ မဟာမေဃာဝန် ဧွေ့ သွန်ရိုက်ကျိုးလျက် မိုးကြီးသည်းထန်စွာရွာသွန်းသဖြင့်မန္တာဂိရိမည်သော ရွှေကြက်ယက်တောင်တော်သည် ထောင့်ယွန်းဝနေ ရေနတ်နဂါး၏ စောင့်ရှောက်တည်နေရာဖြစ်သော နရတိအရပ်မှ အလျားအကျယ်ငါးဆယ်တောင်ရေ အနံအကျယ်ဆယ်တောင်မျှလောက် အစောက်အမြင့် တောင်သင့်နှစ်ဆယ်ရှမဘွယ်အောင် တိမ်းဘယ်နိမ့်ယွန်း မခံပြိုလဲ အက်ကွဲခြမြဘိဖွနဝ္ဝေတာ၊ ဘယ်ခါတဆစ်၊ မဖြစ်စကောင်း၊ ထောင်းထောင်းရဲရဲ ယိုင်နွဲ့ပျက်စီးပြုန်သတည်း။ ယင်းသို့ကွဲအက်ပျက်စီးလဲပြိုပြီးနောက် သုံးနှစ်ကျော်လောက် အားယူကြပြီးခါသာသနာတော် ၂၄၆၅ ခု၊ ကောဇာသက္ကရာဇ် ၁၂၈၃ခုနှစ်သို့ ကျရောက်လျှင် အမရပူရမြို့ကျေးလက် ရွှေကြက်ယက်နယ်အတွင်း၊ သီတင်းသုံးနေကြကုန်သော၊ ဂိုဏ်းသံဃာအပေါင်းတို့နှင့်တကွ ဥပသကာ ဥပါသိကာတို့အား၊ ယထာဓမ္မပိနယရှေ့သွား တရားတော်နှင့်အညီ ဆုမ္မပဲ့ပြင်တော်မူသဖြင့် ရှင်လူတကာတို့၏၊ ဂဏာစရိယ ဂဏပါမောက် ဂုဏ်ကြီးမြော်သော၊ လဇ္ဇီပေသလ သိက္ခာကာမ၊ ခန္တီသောရစ္စအာရဇ္ဇဝိရိယ၊ စသည်ဂုဏ်ထူး ကျေးဇူးပုံယင်၊ ပြည့်စုံလင်သော၊ အသျှင်သောဘိတမည်သော၊ ညောင်စင်ဆရာတော်ဘုရားကြီးကို ဦးစီးပဓာန နာယကရှေ့သွား မှိုကိုးကားပြီးလျှင်ဘိုးဘွားအမိဘို့မှဆင်းသက်၍၊ သူကြီးရိုးရာ ဌာနန္တရမပျက်ဆက်လက်ကြီးစိုးရသော မတ်ရှစ်သောင်း အဝင်အပါ ပဒေ

သရာဇာ၊ ရိုးရာသူကြီးဖြစ်သည့်၊ ဂုဏ်တိုက်နွယ်သားတို့အား တရားဥပဒေနှင့်အညီ ပိယဝါစာ၊ သာယာချောင်သောစကား ဖြင့် ပိုက်ဖြားအုပ်ချုပ်နိုင်သော သခိလဂုဏ် မိမိကြီးစိုးအုပ်ရ ပါရပ်ရွာအတွင်း ရာဇဝတ်ရေး ခိုးသေးမီးပွား နည်းပါးကင်း လွတ်သည်သာမက၊ ကမ္ဘာစစ်ကြီးအတွင်း၊ အစိုးရမင်းတို့ စစ်သည်တော်စုဆောင်းခြင်း၌ ယှိုင်းပင်းကူညီရသဖြင့် တီ ဒီ အင်ခေါ်သူကောင်းဖြစ် ငွေဓါးရမင်းဟူသော အမှုထမ်းကောင်း တို့ခံယူရရှိသည့် ကြက်သရေဂုဏ်နွယ်ရှိတွက်ရေ လူမိုလ်ခြေ တို့က၊ ၊ပဝေနီးဈေးရိုး၊ ကြီးစိုးအုပ်ချုပ်ကြကုန်သော၊ သူကြီးပေါင်းတို့အနက် ဤသူကြီးမင်း လက်ထက်၌သာလျှင် ညီညာလုံးစီးရှိခြင်းနှင့်တကွ၊ ဗုဒ္ဓကိစ္စ၊ လုံးဝလောက်လုံ ပြည့် စုံပြီးစီးခြင်းများပေသည်ဟူ၍၊ လူရှင်ချင်းချင်း ကောင်းတင်း ရိုက်ကျေး ဩဘာပေးကြသော၊ ထုတိပသဋ္ဌ၊ကိတ္တိသဒ္ဒဂုဏ် ဤသို့များစွာ ဂုဏ်ပေါင်းဖြာလျက် ပညာအရွယ် နိကာယ်ဝဲချီး တက်စမီးကဲ့သို့သော တိုက်သူကြီးမင်း–ဦးဘချမ်း၊ ရွှေကြက် ယက်ရွှေကြက်ကျဘုရား၊ ဘဏ္ဍာတော် စာရင်းကိုင်လူကြီး ဦးအောင်ဘ၊ အမရပူရမြို့၊ ရွှေကြက်ယက်နယ်၊ အစိုးရလက် မှတ်ရ၊ ကျောင်းဆရာကြီးများ၏အသင်း၊ ကော်မီတီလူကြီး ရွှေကြက်ယက်နယ်၊ ရွာနှစ်ဆယ်ကျော်တို့၏လူကြီး၊ ရွာခေါင်း အသီးသီးတို့နှင့် ခုံသမာဓိလူကြီးမင်းတို့မှစ၍၊ ဘုရားဂေါစရ ဂါမ်၊ ဝန်းရံမဝေး ကျေးရွာဗုဒ္ဓ ဥပါသကာ–ဥပါသိကာမအ ပေါင်း၊ လှည်းနေလှေအောင်းမြင်းဇောင်းမကျန် ဆော်ဘန်ညီညာ စွာ၊ မိမိတို့ရှာဖွေစုဆောင်းပြီးသော ကိုယ်ပိုင် ကြေးငွေများကို သဒ္ဓါခွန် အားအလျောက် ချီးမြှောက်လှူဒါန်းကြသည်သာမက

လူများအပေါင်း တို့သည်ပင် ညောင်းညာပင်ပန်း နွမ်းနယ်ဆင်းရဲရခြင်းကို၊ ဂရုမပြုအမှုမထားဘဲ ကိုယ်အားစိုက်ထုတ် မဟုသာဟ ကြိုးစားကြလျက် အမရပူရမြို့၊ တောင်ကြီးဈေးအနီး၊ဖုတ်လုပ်ပြီး၊ အုဋ္ဌပေါင်း-၄ါးသောင်းကျော်တို့ကို၊ ပျော်စဘွယ်ကြီး အံ့ဖွယ်ချီးလောက်အောင်၊ လှည်းစီးရေပေါင်း၊ခုနှစ်ဆယ်ကျော်တို့ဖြင့်၊ သယ်ယူပို့ဆောင်ကြပြီးခါ၊ မန္တာဂီရိတောင်ပေါ်အရောက်၊ တယောက်တကာမ်း၊ တယောက်လှမ်းသဖြင့်၊ ထမ်းရွက်ကြဥ်းဆောင်ကြပါကုန်သဖြင့်၊ ထိုကုသိုလ်ဒါနကြီးသည်၊ သက္ကရာဇ် ၁၂၈၃ခု၊ ကဆုန်လကစ၍ ဆောင်ရွက်ကြရာ ၎င်းနှစ်၊ ဝါဆိုလတွင် အောင်မြင်ပြီးစီးပါသတည်း။

ဤကဲ့သို့၊အားထုတ်ဆောင်ရွက်ကြရာဝယ်ဥပမာဆိုသော်သိပ်ပိုဋ္ဌကျွန်းကြီးအရှင် ဘုရင်မင်းလှ အဘယဒုဋ္ဌဂါမဏိမင်းမြတ်သည်၊ အစောက်သံတောင်၊ နှစ်ဆူမြင့်ခေါင်စွာသော၊ ဟောမမာလာမည်သော မဟာစေတီတော်ကြီးကို တည်တော်မူဆဲအတွင်း သူရင်းအငှား၊လုပ်စားဆောင်သယ်ကြကုန်သော အလုပ်သမား ယောကျ်ား-မိန်းမ၊ တစုတို့သည် ကိုယ်မှုကိုယ်ရေး အသက်မွေးဝမ်းကြောင်း အမှုဖြင့်၊ပြုမှုဆောင်ရွက်ကြရသည်ဖြစ်ပါငြားလျက်၊ စိတ်ထားစေတနာ၊ ကြည်ညိုစွာနှင့် သဒ္ဓါပသန္န ကာမာဝစရ၊ မဟာကုသိုလ်ဇောတက်ပြောင်ဖြူတင်ယူဆောင်ပို့ကြရကား၊ သောဘွယ် သမှုသော ကူလီလုပ်သား၊ သူရင်းငှားတို့မှာ တာဝတိံသာနတ်ပြည်၌၊ချမ်းကြည်ပြီးသော ဒေဝသမ္ပတ္တိသုခကို လက်ရခံစားရပေကြောင်း၊တရံသောအခါ ထွန်းပရောင်ဝါ၊ လှပယဉ်ကျေးစွာသော-နတ်သားနတ်သမီး နှစ်ဦးတို့သည်၊ ကျေးဇူးသခင်ဖြစ်တော်မူသော၊ ဟောမမာ

လာ မဟာစေတီတော်ကို ပူဇော်ရှိခိုးအံ့သောငှာ ညည့်အခါ၌ နောက်ပါအခြွေအရံတို့နှင့် လာကြရာ၊ မဟာသိဝမည်သော မထေရ်အရှင်သည်လည်း၊ စေတီယင်္ဂဏ၊ နိဗ္ဗဒ္ဓကိုပြုခြင်းငှာ ကြွလာတော်မူကြုံကိုက်အခါ ဒါယိကာမများ၊ ဘုရားရှိခိုးလျက် နေသည်ကို မြင်တော်မူ၍၊ ဤသူငယ်မတို့ကား၊ လူသားစင်စစ် မဟုတ်ရာ၊ ခေါင်ဝါကဲလွန်၊ ထူးချွန်လှမြတ်ကြပေသည်ဟု အောင်းမေ့တော်မူပြီးမှ မဟာစေတီ၏အနီးစရည်းပင်ရောက် ရာဌာနတွင်၊ ခေတ္တခိုင်းငံ့တော်မူလျက် ရှုတ်ထွက်ဝသို့ ရောက်ကြသောအခါ၊ ဘယ်ရွာ ဘယ်မြို့ကပေနည်းဟု၊ မေး တော်မူလျှင်၊ တပည့်တော်မတို့သည် တာဝတိံသာနတ်ပြည် မှ၊ နတ်သမီးများဖြစ်ကြပါကြောင်း၊ လျှောက်ထားရာ မည်သည့် ကောင်းမှုကြောင့်၊ ယခုဤစည်းစိမ်ကိုရကြသနည်းဟုမေးတော် မူပြန်လျှင် အရှင်ဘုရား၊ တပည့်တော်မတို့သည်၊ ဤ သိဟိုဠ် ကျွန်းကြီးမှာပင်၊ ငြိုငြင်ဆင်းခဲ မွဲတေပင်ပန်းလှသေး၊ သူရင်း ငှါးမများဖြစ်၍၊ ဤစေတီတော်ကြီး၊ တည့်ဆဲအခါ အသပြာ လကျွန်နှင့် ဇူဇ္ဈကဟာရီမည်သော၊ အချွှကိုသယ်ယူဆောင်ပို့ သူများဖြစ်ပါသည်၊ ထိုသည့်အခါ အသပြာကြေးငွေ၊ အခစား ပင်ဖြစ်သော်လည်း၊ နှစ်သက်ကြည်ညိုစွာ၊ စေတနာနှင့် သဒ္ဓါ စင်ဖြူ ဆောင်ယူသည်ပိုးခဲ့ဘူးသည့်၊ ကောင်းမှုပုည ပဘာဝ ကြောင့်၊ ဒိဗ္ဗသမ္ပတ္တိကို ရရှိခံစားကြရပါကြောင်းနှင့်၊ ရှိခိုး လျှောက်ထားဘူးသော၊ ဝတ္ထုမျက်မြင်၊ စံတင်စရာ ဥပမာကို မဟာဝင်ကျမ်းတို့၌၊ ပြလေသည်၊ ။ယခုဤရွှေကြက်ယက် တောင်၊ အချွှဆောင်သယ်ယူလှူဒါန်းသူတို့မှာ၊ အာဟာရ-ပရိ ယေသန ကိစ္စမပါ ဝမ်းစာမဘက် သက်သက်စင်ဖြူ ကိုယ်ထူ

ကိုယ်ဘသူပယောဂကင်းစင်သောသဒ္ဒါရိက သောမနဿဝေဒနာ၊ ပညာအချုပ်ချုပ်သည့်၊ ကုသိုလ်ထုပ်ကြီးဖြစ်ရကား၊ ထူးခြား ကဲလွန်သူထက်ချွန်လျက် – မွန်မြတ်ကြီးကျယ်သော၊ ကောင်းကျိုးချမ်းသာကို ခံစားကြရမည်ကား၊ ယုံမှားသံသယ မရှိရာ၊ ။ထိုအဘယ ဒုဋ္ဌဂါမဏိမင်းကြီးသည်ပင်၊ အဘီလွန်လစ် ရှေးတဖြစ်က၊ သာမဏေရ ပဗ္ဗဇ္ဇအဖြစ်ဖြင့်၊ ရှင်ချစ်မြတ်ကျော် စေတီတော်တဆူတွင် စင်ဖြူသောစိတ်စေတနာ သဒ္ဒါပုဗ္ဗင်္ဂမ၊ ကိုယ်ထကိုယ်ထ၊ ပြုမူကြိုးပမ်းလျက်၊ စောင်းတန်းလုပ်ဆောင်ခဲ့ဘူးသောကြောင့်၊ ထူးမြတ်ပြဋ္ဌာန်းသီဟိုဠ်ကျွန်း၌ ဦးစွန်းဒီပရာဇာ၊ မင်းဗျားဖြစ်၍၊ မွေစစ်ရတနာ ကိမ်းဝစ်ရာဖြစ်သော၊ ဟေမမာလာ၊ မည်သာခေါ်ဆို သီဟိုဠ်မဟာ စေတီတော်ကြီးကို တည်တော်မူသောကာလ၊ နတ်အခွင့်ညွှန်မြေ အင်္ဂတေ၊ ငသောစေတီတော်ဖို့ကြိုယာ၊ အရာရာတို့ကို သာသကလွယ်ကူ မပူမပင် ပြို ပြင်ကင်းပခဘော်မူလေသဖြင့် စေတီတော်ကြီး ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ရလေသည်ဟုမဟာဝံသကျမ်းများ၌၊ ရေးသားတော်မူကြသည်၊ ။ဤယခုတောင်ပြိုရာတွင်၊ သမာဝါယမ ဒါနစုံညီ ပါရမီဖြည့်ကြကုန်သော၊ သူတော်ကောင်းတို့မှာလည်း၊ အဘယဒုဋ္ဌဂါမဏိ ဓိပတိသနင်း သီဟိုဠ်မင်းကဲ့သို့၊ အခင်းဆိုက လိုလိုသမျှ မှုကိစ္စတို့ကို စိတ်ကကြံရွယ်တိုင်း ပြည့်စုံနိုင်ရာသော၊ အကျိုးရှိသည့်အနေကို စေတနာဗလဝ၊ အစလသဒ္ဓါဖြင့်၊ စိတ်မှာထုံတည်၊ ယုံကြည်လေးမြတ်ထိုက်လှပေသည်၊ ။တကြောင်းသည်း၊ ပျက်စီးသောအရာကို ပြုပြင်ကြရာ၌၊ သီဟိုဠ်ကျွန်းဝယ်၊ ဝသဘ မည်သောမင်းကြီးအား၊ အာယုဒါယ ပါဠကအကျော် ပုဏ္ဏား

တော်တို့က၊ သက်တော်လေးဆယ်မျှသာ၊ နေရအံ့သည်ဟု သက်ကြည့်မြေဒင် အဟောမြင်သဖြင့်၊ အလွန်လျှင်ပူပင်ခြင်း ရှိရကားမျိုးများစွာသော ရဟန္တာအရှင်တို့အား၊ သက်ပွားရှည်ကြောင်း၊ ကောင်းသောကျင့်ဝတ်တရားတို့ကို လျှောက်ထားတော်မူရာ ပရိသာဝန ဒါနပူသော ဓမ္မခရိုင် ရေစစ်အလှူ အရိပ်အာဝါသ သလာပသော၊ ဇရပ်တန်ဆောင်း၊ ကျောင်းကန်အလှူ သူနာတို့အား၊ သပ္ပါယဆေးဝါး၊အစားအစာ သင့်လျော်ရာကို လှူဒါန်းခြင်း၊ ဂိလာနဝတ္ထုအလှူ၊ ၊ကျိုးပွင့်ပျက်စီးသော၊ အရာများကို မယွင်းယို နဂိုရ်အတိုင်း ပြုပြင်ခန့်ခန့်တည်တန့်၊ ကောင်းမွန်စွာ ရှိအောင်၊ သစ်လင်း၊ ထပ်မံလျက်ဆောင်ရွက်ပြုပြင်ခြင်း၊ ခဏ္ဍဖုလ္လပရိသင်္ခရဏကုသိုလ်၊ငါးပါးသောသီလကျင့်ဝတ်ကို မချွတ်စေဘဲ အမြဲဆောက်တည်ခြင်း ဥပုသ်နေ့တို့၌၊ ဥပေါသထ အဋ္ဌင်္ဂဥပုသ်ဖြင့်၊ ကိုယ်နှုတ်စိတ်များကိုချုပ်တည်းလျက် စောင့်စည်းကျင့်ကြံခြင်း ယင်းသို့ဆိုခဲ့ပြီးစွာ ဒီဃာယုက သံဝဏ္ဏနိက တရားများကို ဟောကြားတော်မူသဖြင့် ဖြည့်ကျင့်ဆည်းပူးတော်မူလတ်ရကား၊ သက်ပွားရှည်ကြာ၊ တရာကျော်တည်၊ သက်တော်ရှည်ဘူးသော တရားကျမ်းဂန် လာသည်နှင့်အညီ၊ ဤယခုပျက်စီးတောင်ပြိုလဲကျခြင်းကို သစ်လင်းထပ်မံရခြင်းသည် ခဏ္ဍဖုလ္လပရိသင်္ခရဏ ကုသိုလ်ဟု ခေါ်ဆိုထိုက်လေရကား၊ များစွာသောကုသိုလ်ရှင်တို့မှာ အသက်ရှည်စွာ အနာကင်းလျက် ဖြစ်ဆက်ဒုတိယ နောက်ဘဝ၌ကား၊ ကာမသုဂတိ ချမ်းသာကို ကောင်းစွာခံစားရပြီးလျှင် လေးပါးသော ဖိုလ်မဂ်ကို မျက်မှောက်ပြုရပေလိမ့်မည်ဟု၊ ယုံကြည်သဒ္ဓါ စေတနာထက်သန်ခြင်း ရှိစေ

ရာသဘည်း၊ ၊ဤသို့သော၊ ဇဒ္ဒက်စ္စကြီး ပြီးစီးသည့်အိုင် အောင်၊ လုပ်ဆောင်ကုန်ဝင်ရန် စခရင်း၌ အရပ်ရပ်ကောက် ခံရရှိသော ကျုပ်သုံးဒင်္ဂါးပြားရေ ငွေ ၅၀၀၀၊ ငါးထောင်ကို မတည်၍ ကျောက်ခွေပေါင်း ၁၅၀၊ စက်အုဋ်ငါးမို အုဋ်ရေ ၅၀၀၀၀၊ ငါးသောင်း၊ ထုံးတင်းရေ ၂၀၀၀၊ နှစ်ထောင်၊ သဲ တင်းရေ ၁၀၁၀ တထောင်ကုန်ကျသည်ဖြစ်ပါကြောင်း ယင်းအ ကြောင်းအရာ အတ္ထုပ္ပတ္တိများကို နောက်သားနောင်လာတို့ ကမ္ဘာကုန်ခန်း ဥဒါန်းမကြေ၊ သိမှတ်ကြစေရန် အမရပူရမြို့ လိပ်မနိုင်ရွာ၊ ကျောင်းတကာ – ဦးထွန်းကာ၊ ငွေငန်းအသွင် ပြုစင်သန့်ရှင်းသော၊ ကျောက်သလင်းအပြင်တွင် ထားတင် ရေးကွက် ကျောက်ထက္ခရာ တင်ထားရန် ငွေသား တခါလှူ ဒါန်းသဖြင့်၊ <u>မန္တလေးမြို့ မြန်မာပညာရှိမင်း – ဦးသန့်စင်က</u> ညောင်စင်ဆရာတော်ဘုရားကြီးနှင့်၊ သူကြီးမင်း–ဦးဘကျော် တို့က တောင်းပန်တိုက်တွန်းချက်အတိုင်း၊ သံပိုင်းကျောက် စာစီကုံးရေးသားလေသတည်း။ဘတ်ရှုကြည့်ညိုကြပါကုန်။

## ☆ ပညာအလင်းပြုပိုင်စာအုပ်များ ☆

ဗုဒ္ဓဘာသာလက်စွဲ ဘုရားရှိခိုးဆုတောင်းအမျိုးမျိုး ( ၁၀ )၊ ရှင်သီဝလိထေ ရုပ္ပတ္တိ{၁၀}ဂါထာပါဋ္ဌအနက် အမွန်းပရိတ်စီရင်နည်း {၅၁}ပြား မြန်မာ စာနိဒါန်းအတ္ထုပ္ပတ္တိသမိုင်း ( ၁၅ )၊စိတ်ညှို့အိပ်မွေ့ချကျမ်း( ၁၅ )။မြန်မာ့ သတ်ပုံအဘိဓါန်မိတ်လင်စုံကျမ်းကြီး{၂၅}။ဇာတ္တိယသျှိပြည်ပညာ{၅}၊ရုပ်ပိုင်း ကာမသျှတ္တရ ( ၁၀ )။ဗေဒင်ဟောပုံနည်းမျိုးစုံ ( ၅ )။စီးပွားရေးလုပ်နည်း {၁၅၀}ပါသော လောကဓါတ် ပညာညွှန့်ပေါင်းကျမ်း{၅၅} မှစ၍၊ ရန်ကုန် ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၃၀။ ပညာအလင်းပြ စာအုပ်တိုက်ဆိုင်ကြီးမှ၊ စာအုပ်များ အောက်ပါကျွန်ုပ်တို့ထံမှာ ပင်ရင်းဈေးနှုန်းဖြင့်ရနိုင်ပါသည်။

**မပြအင်ဆန်းစာအုပ်တိုက်ဆိုင်ကြီး၊ ၃၃လမ်း၊ ဘုန်အိုင်တန်း၊ မန္တလေး။**

ပန်းသေ ပန်းညှိုး တင်ပါး – ရင်သား လှပပြည့်ဖြိုး၊ မျက်စိမှုန်၊

အပူအပုပ်စင်ကျန်းမာလှူဝရန်၊

## ရသာယန–အနှိပ်လွှတ်–သက်စောင့်

အားတိုးဆေးကြီး (၅) တဒါဇင်ယူ (၆၀) နှင့်၁၄ပုလင်းရဈေး၊

ကျန်းမာလှူဝ ရင်သား တင်ပါး လှပပြည့်ဖြိုး ပန်းသေပန်းညှိုး၊

ထုန်ကျင်–ခါးလေ–ဝမ်းမှန်ရန်

## နေပင်လယ်–အနှိပ်လွှတ်–သက်စောင့်

အားတိုးဆေးကြီး(၅)။ တဒါဇင်ယူ(၆၀)နှင့် ၁၄ ပုလင်းရဈေး၊

## ဣတ္ထိ ပုရိသ–နေ့ချင်းအစွမ်းပြ–ငယ်မှုပြန်

ပန်းသေပန်းညှိုး–ဒိဋ္ဌသုခအအထူး–အားတိုးဆေးကြီး (၅)



ဤ အား ဆေး ၃–မျိုးကိုစွဲ၍ စားသော ဦးမောင်မောင်သာထွန်း နှင့် ဇနီး ဒေါ်မြမြအေး တို့သည်။ တနေ့တခြား စားဝင် အိပ်ပျော်သန်မါဝဖြိုးအားအင်တိုး လျှက်အညောင်းထိုင်လုပ်ကိုင်



နိုင်၍ တပုလင်းစီကုန်လျှင် နှလုံးတုန် အမူးအမောနောက်ကြော တက် အနှိပ်အနင်း လွှတ်ကင်းကြောင်း ထောက်ခံပါသည်၊

သည်းခြေအားပေးသွေးအားတိုးရန်လစဉ်ဓမ္မတာမှန် ဒူလာမီး ယပ် သွေးဆုံးမကိုင် ပန်းသေ ပန်းညှိုး ကင်းရန်

## မြရတနာ–မီးယပ်မှန်သွေးပေါ်–ဒိဋ္ဌသုခ

အားတိုးဆေးကြီး (၅)၊ တဒါဇင်၇၀ နှင့်၊ ၁၄ ပုလင်းရဈေး၊

နေပင်လယ်အကြည်တော်ဆေးတိုက်၊ ၃၃–လမ်း၊မန္တလေးမြို့၊

## ☆ သံဝေဂရှုဘွယ်သမထဝိပဿနာ ☆

ဘာဝနာ ကမ္မဋ္ဌာန်းသံပေါက် ဂါထာရုံ မေတ္တာပို့ ဆုတောင်း
ဘုရားရှိခိုးစာအုပ်ထူး စာမျက်နှာ ၄၄၊ မာတိကာ ၅၄ ရှိ တအုပ်
ပြား ၅၀၊ ဓမ္မဒါနပြုနိုင်ရန် ဆယ်အုပ်(၃ိ-၄ပဲ)၊ အုပ်တရာ ၂၀ိ၊
ကောင်းမှုရှင်အမည်ထည့်လျှင် ၂၅ိ၊

## မင်းတိုင်ပင်အမတ်ကြီးဦးဘော K.S.M., A.T.M.

ရေးသောနိဗ္ဗာန်သမ်းပြ ဗုဒ္ဓဘာသာ သင်္ခေပကျမ်း၊ နေ့ဝိမံသင်
အဘိုးရ ဆရာဖြစ် လက်မှတ်ရ — ကျောင်းအုပ် ဆရာကြီး၊
ဦးမောင်မောင်သာထွန်း B.Sc. ရေးသော — ယောဂီအခြေခံ
အပြေ့နှ် ဝိပဿနာ မှတ်ကျောက် ရှင်းတမ်းကျမ်းနှင့် နိဗ္ဗာန်
ရောက်လမ်းကိုယ်တွေ့ သမထဝိပဿနာဘာဝနာသုံးကျမ်းတွဲ
နံပါတ် ၃၂၀ ကျော်ရှိ တအုပ်မှ ၃ကျပ်၊

★ ရှေးဦးသင်–အင်္ဂလိပ်မြန်မာ သင်ပုံကြီး၊ ၁ိ–ပြား ၅၀၊ ★

## ☆ ခေတ်မှီအင်္ဂလိပ် စာရေးစာဘတ် ☆

စကားပြောနှင့်အမျိုးခွဲပြီး အဘိဓါန်ပတွဲ(၅ိ)၊ ဒုတွဲ(၃ိ)
ဤပတွဲနှင့်ဒုတွဲ၌ ဗျည်းသရအသံထွက် အဟုတ်အမှန်တတ်ရန် သဒ္ဒါနည်းအ
မျိုးခွဲပြီး အဘိဓါန် ၄၇မျိုး၊ စကားပြော ၄၇မျိုး၊ ကြေးနန်းစာရေးပြီး ၇၉မျိုး။
သဒ္ဒါအခေါ် ၁၀၀ ကျော်၊ ပါဠိအင်္ဂလိပ်လိုရေးနည်းအစုံ။ ဝေဒနာဘာယဆေး
အိမ်သုံးဆေး ၁၅၆ မှစ၍၊ ကိုယ်ခန္ဓာ အစိတ်အပိုင်း ၂၄၄မျိုးလည်းပါရှိ၏။

## ခေတ်မှီအင်္ဂလိပ်စာပေးစာယူနိသျှည်း

အကျဉ်းချုပ် စာအုပ်ထူး ၃ိ၊ စာ၏အစနှင့်အဆုံးရေးပြီး ၄၁၁။ အတိုကောက်
အက္ခရာအမိပ္ပါယ်ရေးပြီး ၃၄၅ မှစ၍အစအလယ်အဆုံးရေးပြီး (၄၆)။

## ★ သစ်ပျဉ်သစ်လုံးတန်ဘွက်ငွေသင့် ★

ကိန်းသေ(၇ိ)၊ သစ်ချက်သွား–သစ်လုံးတန်တွက်ကိန်းသေ(၃ိ)

# မန္တလေး။ မမြအောင်ဆန်း စာအုပ်များ။

နိဗ္ဗာန်နန်းစင် ဝတ်ရွတ်စဉ်နှင့် လောကဟိတရေကျမ်း–၅၊ သုတသန္နိစယကျမ်း–၅၊ အိမ်တွင်းသက်မှုပညာ စီးပွားဖြစ်လုပ်နည်းပေါင်း၊ မှတ်သားလုပ်ကိုင်စရာများစွာပါသော၊ လောကဓါတ်ပညာစွယ်စုံကျမ်း(အင်္ဂလိပ်လို)၁၀၀၊ စက်မှုလက်မှုပညာနှင့် ပတ်သက်သော ဓါတ်သတ္တုဆေးမှုစ၍၊ စီးပွားရေးလုပ်နည်းပေါင်းမျိုးရုံတို့၏ ဘယ်အမျိုး ဘယ်နေရာမှာရနိုင်သည့်ကို အတိအကျ၊ လိပ်စာနေရပ်များနှင့်တကွ၊ ဘော်ပြရာ၊ ဘော်ပြကြောင်းဖြစ်သော ဇုန္ဒိယနိုင်ငံလမ်းညွှန်စာအုပ်ကြီး–၁၅၊ ယောက်ျား-မိန်းမ-အင်္ဂါဇာတ်နှင့် ကာမသံဝါသဆိုင်ရာ(ဆက္ကုဆိုလော်ဂျီ)နည်းပေးလမ်းပြစာအုပ်(အင်္ဂလိပ်လို)၅၊ ကာမသံဝါသဆိုင်ရာအားနည်းခြင်း-ဆန္ဒမရှိခြင်း၊ သုက်လွှတ်ခြင်း၊ ပန်းသေပန်းညှိုးခြင်း၊ အင်္ဂါဇာတ်သေးခြင်းများ၊ ပျောက်ကင်းစေနိုင်သော လက်တွေ့ (အံဖြို့ရိုဒိဆီယဲ(က်)-ရဲမဲဒီး(စ်) စားဆေး - လိမ်းဆေး နည်းပေါင် ရုံစာအုပ် (အင်္ဂလိပ်လို)– ၀၊ ကာယသံသဂ္ဂနှင့်၊ ပဋိသန္ဓေအကြောင်း၊ ဆေးနည်းပေါင်းများစွာမာတိကာ ၂၀၀ နီးပါးရှိသော၊ မီးယပ်နာ၊ လက်တွေ့ကုထုံးဆေးကျမ်းကြီး-၁၅၊ မွေးဖွားဆု အင်္ဂါဇာတ်နှင့် ခလေးစောင့်ရှောက်ရေးအတတ်ပါသော၊ လက်သယ်ဝမ်းဆွဲမီးဖွားနည်း (မစ်ဒ်ဝိုက်ဖ်ရီး) လမ်းညွှန်သင်ခန်းစာအုပ် (အင်္ဂလိပ်လို)၅၊ ခြေလက်ကိုယ်အင်္ဂါလှီးဖြတ်ခွဲစိတ်ခြင်း(အဲနတော်မီ) အတတ်ပညာနှင့် သက်ရှိသတ္တဝါများ ပြုပြင်ခြင်း(ဖစ်ဇီးယောလော်ဂျီ)အတတ်ပညာ ၂အုပ်တွဲ (အင်္ဂလိပ်လို) ၅၊ နေ့ရှိသမျှအသုံးများသော ပြိန္ဒွေဆေးအမျိုးမျိုး ပြိန္ဒွေဘယဆေးအမျိုးမျိုးဖော်စပ်နည်းနှင့်တကွဆေးဖော်စပ်သူကွန်ပါင်ဒါး၏လက်စွဲ

(ဒစ်စ်ပင်းဆားစ်–ဟင်းဒ်ဘွတ်(က်)လက်စွဲစာအုပ်-၁၅၊ အိမ်သုံးအိမ်သား လက်သုံးသမားတော် နည်းလမ်းညွှန် ဗြဲမစ်လီး–ဖွင်ဒစ်ရှင်း ဆေးကျမ်း–၆၊ အင်္ဂါဇာတ်ချွတ်ယွင်းနာပျောက်ရန် သဘာဝဓမ္မကုထုံးနည်း (နေးချွးကျူးဝါး-အောဗ္ဗ-ဆက္ကစ်-ဒစ်(စ်)အောဒါး(စ်)–၆၊ ဆေးသည်းအစာ-အစာလည်း ဆေးဖြစ်သော သစ်သီးစားနည်း(ဗြ)ရု(တ်)-ဆဲ(စ်)–ဖြူ ဒီ-အင်ဒီ-မဲ့ဒစ်စင်း–၆၊ လူကြီးတို့ ကာမစည်းစိမ်လမ်းပြ သဘာဝဓမ္မ ယက်တွေ့ကုနည်း (အင်္ဂလိပ်လို)–၁၅၊ ဗြိတိသျှ - ပါမေကိုးပီးယား အင်္ဂလိပ်ပြည်သွားဆေး အမျိုးမျိုး၊ ပေါင်စပ်နည်း၊ ဆေးကျမ်းကြီး–၂၀၊ စာမျက်နှာပေါင်း ၁၀၅၄ ရှိသော အင်္ဂလိပ်လို ဗဟုသုတ ငွယ်ရ ကျမ်းကြီး၊ တအုပ်ထည်းနှင့် အင်္ဂလိပ်အဘိဓါန်-စကားလုံးပေါင်း ၂၀၀၀၀–နှစ်သောင်းကျော် အဓိပ္ပါယ် အသံထွက်နှင့်တကွ၊ မှဘဒီကာပေါင်း ၁၀၄ ဖြင့်မှတ်သားဘွယ်ရာ များစွာပါသဖြင့် တန်ဘိုးများနှင့်ထိုက်သော စာအုပ်ကြီး–၁၀၊ ရုပ်ပုံပေါင်း ၉၂၀ ပါသော လူ၏ခြေလက်ကိုယ်အင်္ဂါ–လှီးဖြတ်ခွဲစိတ်ခြင်းတတ်မြောက်သူတို့၏လက်စွဲစာအုပ်ကြီး–၁၅၊ဒေလီမြို့တော်လမ်းနှင့် ရုပ်ပုံများလိပ်စာများဖြင့်ဖော်ပြထားသော ရောင်းဝယ်လုပ်ကိုင်ရေး လမ်းညွှန်(အင်္ဂလိပ်လို) စာအုပ်–၅၊ ရန်ကုန်မြို့တော်လမ်းညွှန် အရေးကြီးသောဌာနမျိုးရုံကို လိပ်စာများဖြင့်(အင်္ဂလိပ်မြန်မာ ၂မျိုး ဖော်ပြထားသည်–၅၊ အိမ်ထောင်ရှင်တို့ အမြဲလက်ကိုင်ထားအပ်သော အိမ်ထောင်ဦးရှုဘွယ်ကာမသျှတ္တရကျမ်း–၅၊ သစ္စာ၄ပါးကို ဝိပဿနာနည်းများဖြင့် မြဲမြဲကြီးသိရှိကြရန် ရေးသားသော စတုသစ္စဒ္ဒီကမ္မကသာ–၃၊ ပါဠိဝေဒရေး တဘာသာ စကားပြောနည်း အခန်းပေါင်းများစွာပြထားသည်–၃၊ အဘိဓမ္မတ္ထ သရုပကျမ်း–၅၊ ရဟန်းခံ သိုသူဝဏ္ဏ တားနှုတ်ကဗျာ အချောကျင့်သိက္ခာကို လွယ်ကူ

ဗွာသိဒ်စရန် သာရသုဒ္ဓိကျမ်းနှင့်ပဋ္ဌ သဂ္ဂပဏ္ဏာသပ၊ဋ္ဌနသဘယ
–၅၊ သမဝါယမ ရောင်းဝယ်ရေး စာရင်းကိုင်ပညာနိသျှည်း
လက်တွေ့သင်္ချာစာအုပ်ကြီး တအုပ်နှင့်အပြီး–၇၊ ဗုဒ္ဓမြတ်
စွာဘုရားဌာနမဇ္ဈိမဒေသခရီးစဉ်မှတ်တမ်းစာအုပ်ကြီး ကြွ
ရောက်စဉ်အကောင်းစားနှင့် ဘုရားဌာန ရုပ်ပုံပေါင်းများစွာ
ဖြင့်၊ ဘုရားဖူးသွားလိုသူမသွားနိုင်သူများ လက်ကိုင်ထားရန်
ကျမ်းကြီး-၁၅၊ သမားတော်၏လက်စွဲ–၆၊ မြန်မာသက္ကရာဇ်
၁၂၇၅၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၁၃ခု၊ လွန်ခဲ့သော၄၆နှစ်က
စ၍ အင်္ဂလိပ်ပညာချုပ် အလွတ်သင်ခန်း စာအုပ်ကြီးနှင့် အ
မျိုးအစား၄၇မျိုးခွဲပြီးအဘိဓါန်ဒိုမိုင်းဆိုက်နံပါတ်၈၂၀ကျော်
စာအုပ်ကြီး ထုတ်ဝေပြီးနောက် အဘိဓါန်ချုပ်ကြီးကို စီစဉ်

ရေးသားသူ=ဒေါက်တာဦးမောင်မောင်သာထွန်းသည်၊

**ဤစာအုပ်၏ကျောဘက်မျက်နှာဖုံးတွင် ဘော်ပြ ထားသည့်အတိုင်း စက်တင်ပုံ နှိပ်နေပြီဖြစ်ပါ၍ ပြီးလျှင်၂၀-နှုန်းဖြင့် မန္တလေးမြို့၊ ၃၃-လမ်း၊ဘုန်ဘိုင်တန်း၊ မမြအင်ဆန်း-စာပုံနှိပ်တိုက်နှင့်**

ရန်ကုန်မြို့၊ ဗိုလ်ချုပ် အောင်ဆန်းလမ်း၊ အမှတ် ၁၃၀၊
ပညာအလင်းပြ စာပုံနှိပ်တိုက်မှာ ရနိုင်ပါမည်၊

မြန်မာသက္ကရာဇ်၊ ၁၂၉၁-ခု၊ အင်္ဂလိပ် ၁၉၂၂-ခုနှစ်ကစ၍၊ မမြအောင်
မှုပိုင်ပြုလုပ်၊ ဒီမိုင်းရှစ်ချိုးဆိုက်၊ နံပါတ် ၁၃၀၀ ကျော်ရှိ အဘိဓါန် ၄
ကြီးကို မြန်မာပြည်တွင်–မြန်မာ ၁၂၇၇-ခု၊ အင်္ဂလိပ် ၁၉၁၅-ခုနှစ်က
အလွတ်ပညာကိုယ်တိုင်သင်ကျမ်းများပြုရသူ၊ အငြိမ်းရဆရာဖြစ်နှင့် ဆေး
စာပေကျမ်းဂန်အဘိဓါန်အထက်တန်းလက်မှတ်ရ၊ နော်မယ်သင်ပြီး ဂေျ
အုပ်ဆရာကြီး၊ ဆေးကုဆရာဝန် ဒေါက်တာဦးမောင်မောင်သာထွန်း
ရေးဦးပဌမရုံးစည်းပြုပြင်ပြီးစီရေးသားအပ်သော

ENGLISH TO BURMESE

နှစ်မျိုးရ

ENGLISH TO ENGLISH

# အင်္ဂလိပ်မြန်မာအသံထွက်
## အဘိဓါန်ချုပ်

၁၉၅၉ ခုနှစ်ထိ၊ ဤစာအုပ်ကြီးမျိုးမထွက်ပေါ်ဘူးသေးကြောင်းသတိပြုပါ

THE FIRST & THE FOREMOST
ENGLISH-BURMESE & ENGLISH-ENGLISH
**PHONETIC PRONOUNCING DICTIONARY**
TWO IN ONE BIG VOLUME
BY
THE PRIVATE MEDICAL PRACTITIONER
**DR. U MG MG THA HTUN. B. SC., M. B., LOPT., F.H.C.A.,**
TRAINED-TEACHER & CERTIFICATED ACCOUNTANT
AUTHOR OF SELF-TAUGHT SERIES

မမြအောင်စာအုပ်တိုက်ဆိုင်ကြီး၊ ၃၃လမ်း၊ ဘုန်းတိုင်တန်း၊ မန္တလေးမြို့

[illegible]

[illegible]